# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

## နိုင်ငံရေးအကျဉ်းသားသတင်း
## ၂၀၀၄ ဖေဖော်ဝါရီ


- လွတ်ရက်ကျော် နိုင်ငံရေးအကျဉ်းသား တောင်ငူထောင်တွင်း ကွယ်လွန် ၁၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကရင် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ဗိုလ်ချုပ်ကြီးစောဘိုမြ တောင်းဆို ၁၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ထောင်ဒဏ် ၁၄ နှစ် ကျခံခဲ့ရသည့် ကန့်ဘလူ အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် လွတ်မြောက် ၂၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ဂျွန်နီဆရာတော်ဘုရားကြီးအား ပြန်လွှတ်ပေးရန်တောင်းဆို ၂၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- မြို့တော်ခန်းမရှေ့ဆန္ဒပြခဲ့သည့် သီလရှင် ၂ ပါး၏အယူခံ ပယ်ချခံရ ၃၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်အေး နေအိမ်အား ဝင်ရောက်စစ်ဆေး ၃၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကျိုင်းတုံမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောနန္ဒီ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ ၄၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကန့်ဘလူမြို့နယ်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်နှင့် ဆက်သွယ်မေးမြန်းချက် ၄၊ ဖေဖော်ဝါရ ၊ ၂၀၀၄
- ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်ဒိုနီးရှားအထူးကိုယ်စားလှယ် လာရောက်ဆွေးနွေးမည် ၆၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- စစ်တွေအကျဉ်းထောင်ဝန်ထမ်း ၁၃ ဦး ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခံရ ၆၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- နအဖ အကျဉ်းထောင်အတွင်း ပညာရေးတော်မှတ်နေသည့် ကလေးနိုင်ငံရေးအကျဉ်းသားများ ၆၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ဒီပဲယင်း အကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသူ အများအပြားကျန်ရှိနေ ၇၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ခေါင်းဆောင် ၂ ဦးအား အင်းစိန်ထောင်သို့ပို့ ၈၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ပြည်ထောင်စုနေ့ကျင်းပရန် ပြင်ဆင်နေချိန် ဘိုကလေးမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ၆ ဦး ဖမ်းဆီးခံရ ၁၂၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ဘိုကလေးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် စည်းကော်မတီဝင်များပြန်လည်လွတ်မြောက် ၁၅၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- သူရဦးတင်ဦးအား ကလေးထောင်မှ နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့ထိန်းသိမ်းထား ၁၅၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- အဖွဲ့ချုပ်ဝင်များနှင့် အားပေးကူညီသူများ နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံနေရ ၁၅၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- "သေနတ်တွေကြားထဲမှာ ဥပဒေဟာ အိပ်ပျော်နေတယ် " ၁၆၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ရန်ကုန်တိုင်း စည်းကော်မတီဝင် ဦးသိန်းတင် (ခ) တင်သိန်းမောင် ကွယ်လွန်ခြင်း ၆ နှစ်ပြည့် ကျင်းပ ၁၈၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကျောက်တန်းမြို့နယ်ကိုယ်စားလှယ်ဒေါက်တာသန်းငြိမ်း အင်းစိန်ထောင်ဆေးရုံ၌ ကျန်းမာရေးဆိုးရွားနေ ၁၉၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- အမျိုးသားညီလာခံကန့်ကွက်ကြောင်း စာရွက်ဖြန့်သူ ကျောင်းသား ၆ ဦးအား နှစ်ရှည်ထောင်ဒဏ်ချ ၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ဒေါ်မေဝင်းမြင့်နှင့် မြို့နယ်စည်းရုံးရေးမှူး ဦးဉာဏ်သောင်း ကျန်းမာရေးဆိုးရွားနေ ၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသူ ကျောင်းသား ၆ ဦး မိသားစုနှင့် တွေ့ခွင့်မရသေး ၂၃၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- မောင်ချမ်းသာကျော်ကို အမြန်ဆုံးလွှတ်ပေးရန် အာရှလူ့အခွင့်အရေးကော်မရှင်က တောင်းဆို ၂၄၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ် ခွဲစိတ်ကုသမှုခံယူရ ၂၅၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- မောင်ချမ်းသာကျော် ပြန်လည်လွတ်မြောက် ၂၈၊ ဖေဖော်ဝါရီ၊ ၂၀၀၄
- ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်ကိုဒွေးကြွယ်အား သာယာဝတီဆေးရုံမှ အင်းစိန်ဆေးရုံသို့ ပြောင်းရွှေ့ ၂၈၊ ဖေဖော်ဝါရီ၊ ၂၀၀၄

## လွတ်ရက်ကျော် နိုင်ငံရေးအကျဉ်းသား တောင်ငူထောင်တွင်း ကွယ်လွန်

*၁ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

လွတ်ရက်ကျော်သည်ထိ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူ နိုင်ငံရေးအကျဉ်းသား ဦးရှိန်တင် ယခုလ ၂၈ ရက်နေ့က တောင်ငူထောင်အတွင်း ကွယ်လွန်သွားကြောင်း သိရသည်။

အသက် ၅၆ နှစ်ရှိ ဦးရှိန်တင်နှင့် သားမက်ဖြစ်သူ ကိုရန်လင်းတို့နှစ်ဦးသည် ရန်ကုန်၊သင်္ဃန်းကျွန်းမြို့နယ်ကဖြစ်ပြီး တရားမဝင်ပါတီအဖြစ် ဖျက်သိမ်းခံလိုက်ရသည့် ပြည်သူ့တိုးတက်ရေးပါတီ၏ ဗဟိုကော်မတီဝင်များဖြစ်သည်။ ၎င်းတို့နှစ်ဦးကို ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည်ဆိုပြီး ၁၉၉၄ မတ်လက စစ်ထောက်လှမ်းရေးက ဖမ်းဆီး၍ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ အကျဉ်းထောင်အမှုထမ်းများနှင့် နီးစပ်သည့်သတင်းရပ်ကွက်များအဆိုအရ ဦးရှိန်တင်သည် လွန်ခဲ့သည့်တနှစ်ကျော်ကတည်းက အဆုပ်ကင်ဆာရောဂါခံစားနေရသော်လည်း ပြီးခဲ့သည့်နှစ် လွတ်ရက်စေ့သည့်အခါ ပြန်လွတ်လိမ့်မည်ဟု မျှော်လင့်ခဲ့ပြီး စိတ်ဓာတ်ကျဆင်းမှု မရှိခဲ့ဘဲ ပုဒ်မ ၁၀ (က) နှင့် ဆက်လက်ဖမ်းဆီးခဲ့ရာတွင် ယခုလ ၂၈ ရက်နေ့က တောင်ငူထောင်တွင်း သေဆုံးသွားခြင်းဖြစ်ကြောင်းသိရသည်။ ထောင်ဆရာဝန်များက ဦးရှိန်တင်သေဆုံးကြောင်း ယခုချိန်ထိ မိသားစုထံ အကြောင်းမကြားသေးပေ။

ဦးရှိန်တင်သည် ၁၉၈၈ နောက်ပိုင်း နအဖ အကျဉ်းထောင်တွင်း သေဆုံးခဲ့သည့် ၈၅ ဦးမြောက်နိုင်ငံရေးအကျဉ်းသားဖြစ်ကြောင်းလည်း ညွန့်ပေါင်းအစိုးရ သတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။ အစသို့

## နအဖ အကျဉ်းထောင်တွင်းရှိ ကရင် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ဗိုလ်ချုပ်ကြီး စောဘိုမြ တောင်းဆို

*၁ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

နအဖအကျဉ်းထောင်များအတွင်း ဖမ်းဆီးခံနေရသည့် ကရင်အမျိုးသား နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးပြန်လွှတ်ပေးရန် KNU က တောင်းဆိုလိုက်သည်။

မနေ့က ကျရောက်သည့် ကရင့်တော်လှန်ရေးနေ့၌ KNU ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြက ယခုလိုတောင်းဆိုလိုက်ခြင်းဖြစ်ပြီး အကျဉ်းကျခံနေရသည့် ကရင်လူမျိုး စုစုပေါင်း ၁၀၀၀ ခန့်ရှိမည်ဟုလည်း ၎င်းက ခန့်မှန်းပြောဆိုသွားသည်။ နအဖ အကျဉ်းထောင်များထဲတွင် နှစ်ဖက်တိုက်ပွဲများအတွင်း ဖမ်းဆီးခံရသူများရှိသလို အခြားနည်းဖြင့် ဖမ်းဆီးခံရသည့် ကရင်တိုင်းရင်းသားများလည်း ရှိနေသည်ဟုဆိုသည်။ ၎င်းတို့အားလုံး မိသားစုနှင့်ပြန်လည်ဆုံစည်းခွင့်ရရှိရေးအတွက် ပြန်လွှတ်ပေးသင့်ကြောင်း နအဖ ကိုတိုက်တွန်းသွားသည်။

ထို့ပြင် KNU ဘက်က ဖမ်းဆီးထားသည့် နအဖ တပ်သားများကို မကြာမီ ပြန်လွှတ်ပေးမည်ဟု ဗိုလ်ချုပ်ကြီးမြက ပြောဆိုကြောင်း Bangkok Post သတင်း၌ ရေးသားထားသည်။ အစသို့

## ထောင်ဒဏ် ၁၄ နှစ် ကျခံခဲ့ရသည့် စစ်ကိုင်းတိုင်း ကန့်ဘလူ အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် လွတ်မြောက်

*၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

သရက်အကျဉ်းထောင်၌ နှစ်ရှည်ထောင်ကျခံနေရသည့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် ၁ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်ကို နအဖ က ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်နေ့က ပြန်လွှတ်ပေးလိုက်ကြောင်းသိရသည်။

ဒေါက်တာမြင့်နိုင်ကို ၁၉၉၀ ခုနှစ် နိုဝင်ဘာလအတွင်း စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ပုန်ကန်မှုနှင့် ထောင် ၂၅ နှစ်ချမှတ်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အင်းစိန်ထောင်အတွင်း အခြေအနေများကို (ထိုအချိန်က)ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေး တာဝန်ယူခဲ့သူ ပါမောက္ခ ယိုဇိုယိုဂိုတာထံ ထောင်တွင်းမှ စာရေးသားပေးပို့ခဲ့မှုဖြင့် ထောင်ဒဏ် ၅ နှစ် ထပ်မံချမှတ်ခဲ့ပြီး အင်းစိန်မှ သရက်ထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ထောင်တွင်း၌ ၁၄ နှစ်နီးပါးနေထိုင်ခဲ့ရပြီး ယခု ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ထောင်တွင်း၌ နှစ်ရှည်နေခဲ့ရသော်လည်း ဒေါက်တာမြင့်နိုင်၏ ရုပ်ပိုင်း၊စိတ်ပိုင်းအခြေအနေများ ကောင်းမွန်နေဆဲဖြစ်သည်ဟုသိရသည်။ ယခုအချိန်၌ ရှေ့လုပ်ငန်းစဉ်များအတွက် ရန်ကုန်မြို့ကို ရောက်ရှိနေကြောင်း ဒေါက်တာမြင့်နိုင်က ယခုလိုပြောဆိုသည်။

“ကျန်းမာရေးအခြေအနေ ကောင်းတော့ ကောင်းပါတယ်ဗျ။ ဒါပေမယ့်လည်း စိုးရိမ်စိတ်နဲ့ Medical check-up လုပ်မယ်ဆိုပြီး ကျနော် ရန်ကုန်ကို ထွက်လာခဲ့တာပါ။ပထမဆုံး ကျနော့်ပါတီကို Inform လုပ်မယ်။ ဒုတိယ ICRC ကို Inform လုပ်မယ်။ တတိယ Medical check-up လုပ်ရမယ်ဆိုပြီး ကိုယ့်မြို့နယ်၊ ကိုယ့်ဇာတိကို မပြန်ဘဲနဲ့ ဒီဘက်ကို ထွက်လာခဲ့ရတာပါ။ ကျနော့်ကို ပြည်သူက ၁၉၉၀ ခုနှစ်မှာ ရွေးချယ်ပြီးသားဖြစ်ပါတယ်။ ကျနော်ဟာ ခုချိန်ထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တယောက်လို့ပဲ ကျနော့်ကိုယ်ကျနော် ယုံကြည်ထားပါတယ်။ ကျနော်ဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အဖွဲ့ချုပ်က ရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တယောက်ဖြစ်တဲ့အတွက် ပါတီက ချမှတ်မယ့် မူဝါဒလမ်းစဉ်ကို မသွေမတိမ်းလိုက်နာရမှာ ကျနော့်တာဝန်ပါ”

ဆေးဝါးစစ်ဆေးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပြီးလျှင် ကန့်ဘလူမြို့က မဲဆန္ဒရှင်များနှင့် သွားရောက်တွေ့ဆုံမည်ဟုလည်း ဒေါက်တာမြင့်နိုင်က ယခုလို ဆက်လက်ပြောဆိုသည်။

"ကျနော် ပြန်ရဦးမှာပေါ့ဗျာ။ ကျနော့်နယ်မြေ၊ ကျနော့်ပြည်သူ၊ ကျနော့်နေရာကို ကျနော် ပြန်ရဦးမှာပေါ့။ ဒေါက်တာမြင့်နိုင်လွတ်လာပြီ။ လွတ်လာတဲ့အကြောင်း ကျနော့်ကိုထောက်ခံတဲ့လူတွေ၊ ကျနော့်မိတ်ဆွေတွေကို သွားပြီးပြရဦးမှာပေါ့ဗျာ။ ကျနော်လုပ်စရာရှိတဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာလေးတွေလည်း ရှင်းရ လင်းရဦးမှာပေါ့ဗျာ"

ထောင်ထဲ၌ ၁၄ နှစ်ကြာ နေခဲ့ရ၍ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပေးဆပ်ခဲ့ရမှုအပေါ်တွင် ဒေါက်တာမြင့်နိုင်က

"အဲဒါကတော့ဗျာ ပုဂ္ဂိုလ်ရေးကဏ္ဍတွေဆိုတော့ ကျနော်ထည့်မတွက်ပါဘူး။အားလုံးကို တရားသဘောနဲ့ အနတ္တသဘောလို့ပဲ ကျနော်ယူဆထားပါတယ်။ ကျနော်တွက်နေတာက ကျနော့် တိုင်းပြည်တိုးတက်ရေး၊ ဒီမိုကရေစီရရှိရေး ဒါတွေကိုပဲ ကျနော်တွက်ပြီး ဒါတွေကိုပဲ ကျနော်တာဝန် ကျေအောင်လုပ်ရဦးမယ်။ ပုဂ္ဂိုလ်ရေးဆုံးရှုံးမှုတွေကတော့ ဘယ်လောက်ပဲ ဆုံးရှုံး ဆုံးရှုံး မတတ်နိုင်တော့ဘူး။ အဲလိုပဲ ကျနော် တရားနဲ့ ဖြေပါတယ်။ အားလုံးကို မေတ္တာထားပြီး တရားနဲ့ပဲဖြေမှာပါ"

ဒီပဲယင်းအရေးအခင်းလုပ်ကြံမှုကြီးကို ထောင်ထဲ၌နေစဉ် ကြားသိခဲ့ရပြီး ခံစားခဲ့ရကြောင်းကိုလည်း ဒေါက်တာမြင့်နိုင်က ဆက်လက်ပြောဆိုခဲ့သည်။

"ဝမ်းနည်းတာပေါ့ဗျာ။ ဒေါ်စုကို ပြည်သူက ဘယ်လောက်ချစ်တယ်ဆိုတာ ကျနော်တို့ အသိဆုံးပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ရဲ့ အနာဂတ်အရေးတွေကို တွေးပြီး ရင်လေးမိတာပေါ့ဗျာ"

ကန့်ဘလူ မဲဆန္ဒရှင်များကို မည်သို့ပြောဆိုစရာရှိနေကြောင်း မေးမြန်းရာ ...

"ကန့်ဘလူပြည်သူတွေဖြစ်စေချင်တဲ့ဆန္ဒ၊ ဒီမိုကရေစီပဲ ဖြစ်စေချင်တာပေါ့ဗျာ။ အဲဒါက ပို မဖြစ်မနေ၊ မမှိတ်မသုဉ်၊ ရရှိသည်အထိ ဒေါက်တာမြင့်နိုင်တယောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမယ်ဆိုတာကိုတော့ ပြောလိုက်ချင်ပါတယ်"

ဒေါက်တာမြင့်နိုင်၏ ထောင်တွင်း ၁၄ နှစ်တာအတွေ့အကြုံများထဲမှ ထူးခြားဖြစ်ရပ်များနှင့် ဖြတ်သန်းကျော်လွှားခဲ့ရမှုများကို မနက်ဖြန် ညပိုင်း၌ ဆက်လက်ထုတ်လွှင့်ပေးရန် စီစဉ်ထားသည်။ အစသို့

## ရှစ်လေးလုံး အရေးတော်ပုံပြီးကတည်းက ဖမ်းဆီးထားသည့် ဂဠုန်နီဆရာတော်ဘုရားကြီးအား ပြန်လွှတ်ပေးရန်တောင်းဆို

*၂၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

၈၈၈၈ အရေးအခင်းပြီးကတည်းက ဖမ်းဆီးခံရသည့် မန္တလေး ဂဠုန်နီသံဃာ့အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးကာဝိယကို အမြန်ဆုံးပြန်လွှတ်ပေးရန် ပြည်ပရောက် အတိုက်အခံများက တောင်းဆိုလိုက်သည်။

ဆရာတော် ဦးကာဝိယကို ဖမ်းဆီးခဲ့သည်မှာ ၁၆ နှစ်ကြာပြီဖြစ်သလို နအဖသည် ယခုလက်ရှိလည်း ရဟန်းသံဃာများကို ဖမ်းဆီးနှိပ်စက်နေဆဲဖြစ်သည်။ ထို့ပြင် ဖမ်းဆီးထားသည့်သံဃာများကိုနအဖ က ရဲဘက်စခန်းများနှင့်ရှေ့တန်းစစ်မျက်နှာများ၌ ပေါ်တာအဖြစ်အသုံးပြုနေသည်ဟုလည်း ထိုင်းအခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုများသမဂ္ဂဥက္ကဋ္ဌ ဆရာတော် အရှင် ခေမာစာရက ပြောဆိုသည်။

အရှင် ခေမာစာရ ။ ။ ဂဠုန်နီဆရာတော် ဦးကာဝိယက ဂဠုန်နီအင်အားစုကို ဦးဆောင်ခဲ့တယ်။ စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ဆရာတော်ကတရုတ်–မြန်မာနယ်စပ်ကိုထွက်ခွာသွားတယ်။ မန္တလေးဘက်ကိုပြန်လာတဲ့အခါမှာ မူဆယ်ဘက်မှာ ဖမ်းမိသွားတယ်။

မမြကြေးမုံ ။ ။ ဂဠုန်နီဆရာတော် အဖမ်းခံရတာ ခုဆို ၁၅ နှစ်ကျော် ၁၆ နှစ်ထဲ ဝင်သွားပြီပေါ့။ အရေးအခင်းကို ဦးဆောင်ပြီး ထိန်းသိမ်းပေးခဲ့တဲ့ မန္တလေးတောင်ခြေက သပိတ်စခန်းကို လုံးဝ မဖျက်ဘဲနဲ့ တောင့်ခံတာ ဂဠုန်နီ ဆရာတော်ကြီးတို့ပါ။

ဂဠုန်နီဆရာတော်သည် ယခု မည်သည့်ထောင်ရှိမှန်းမသိ စာရင်းပျောက်နေသလို သံဃာများကို ထောင်ရက်စေ့ပြီးလျှင် မလွှတ်ဘဲ ပေါ်တာခိုင်းစေနေ၍ အခြေအနေများကို တိတိကျကျမသိရကြောင်း အရှင် ခေမာစာရက ...

"သံဃာတော်တော်များများကတော့ (ဦးရေဝတ အပါအဝင်) အကျဉ်းထောင်ထဲမှာ ပျံတော်မူတဲ့ သံဃာတွေလည်း ရှိတယ်။ လွတ်မြောက်ရက်စေ့တဲ့ သံဃာတွေဟာ ရှေ့တန်းပေါ်တာတွေမှာ အသုံးခံရတာတွေရှိတယ်။ ရွှေတောင်က (ပါဠိတက္ကသိုလ်) အရှင်ကုမုဒတို့ဆိုရင်လည်း အလုပ်ကြမ်းစခန်းကို ပို့တယ်တဲ့။ ပေါ်တာအထမ်းခိုင်းခဲ့တာတွေရှိတယ်။ တချို့က ပျံတော်မူကြ၊ တချို့က စာရင်းမရှိ၊ တချို့က အမျိုးမျိုးအကြောင်းပြပြီး ပြန်မရောက်တဲ့ သံဃာ တော်တော်များများရှိတယ်။ ဆရာတော်ဦးကာဝိယလည်းပဲ အလားတူ အဲလိုသဘောမျိုးတွေ ဖြစ်နေတာပေါ့။"

နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်သူ မမြကြေးမုံ ကမူ ...

"မြင်းခြံထောင်မှာ ICRC မလာခင် သက္ကရာဇ် ၂၀၀၀ ထိ ဆိုးဆိုးရွားရွားအရိုက်နှက်ခံရတဲ့ထဲမှာ ဂဠုန်နီ ဆရာတော်ဘုရားကြီးလည်း ပါတဲ့ကိစ္စပါဘဲ။ တိုက်ထဲက ကြမ်းပြင်ကို ပြောင်လက်သန့်ရှင်းနေအောင် မှန်လို တိုက်နေရပါတယ်။ တိုက်တာမပြောင်ရင် ဆရာတော်ဘုရားကြီးကို အခန်းထဲက ဆွဲထုတ်ပြီး ရိုက်တယ်။ ထောင်ထဲမှာလည်း ဦးကာဝိယလို့ ဘွဲ့အမည်ကို မခေါ်ဘူး။ 'ဟော့ကောင်' 'မင်း'ဆိုပြီးအဲလိုပဲ ခေါ်တာ"

အရှင် ခေမာစာရ ။ ။ သံဃာ ၂၀၀ ကျော်ဟာ အင်းစိန်အကျဉ်းထောင်ထဲမှာ စုထားတယ်လို့ ကြားတယ်။ သံဃာ ၂ သောင်းကျော်ဟာ လူဝတ်လဲပြီး ရှောင်တိမ်းသွားကြတာတွေ ရှိတာကိုး။ ဖမ်းဆီးခံခဲ့ရတဲ့ သံဃာ ဒီနေ့ထိဆို ၅၀၀၀ ကျော်သွားပြီ။ ဘယ်ထောင်မှာ ဘယ်လောက်ရှိတယ်ဆိုတာ ဘာမှတိတိကျကျမရှိတဲ့အတွက် ခန့်မှန်းခြေအရ ၁၀၀၀ ပတ်ဝန်းကျင်မှာ ရှိနိုင်သေးတယ်လို့မြင်တယ်။

လတ်တလော၌ ဖမ်းဆီးခံခဲ့ရသည့်ရာနှင့် ချီသောသံဃာများမှာ ရန်ကုန်နှင့်မန္တလေးမြို့များက ဖြစ်သည်။သံဃာများကို မတရားဖမ်းဖမ်းဆီးခြင်း၊ အစမ္မလူဝတ်လဲခြင်းများကို မကျေနပ်၍ ပတ္တနိက္ကုဇ္ဇန (ခေါ် ) မင်းဆိုးမင်းညစ်ကို သပိတ်မှောက် ကံဆောင်ခဲ့ကြ၍ လတ်တလော သံဃာရာနှင့်ချီပြီး ထပ်မံဖမ်းဆီးခံနေရခြင်းလည်း ဖြစ်သည်။

တချိန်တည်းမှာပင် နအဖ ဗိုလ်ချုပ်များသည် စာသင်တိုက်ကြီးများတွင် လိုက်လံလှူဒါန်းစည်းရုံးနေကြောင်းလည်းသိရသည်။ မည်သို့ဖြစ်စေ ထောင်ဒဏ် နှစ်ရှည်ကျခံနေရသော ဂမ္ဘီရဆရာတော်ကြီးကို လက်ရှိအခြေအနေ၌ လွှတ်ပေးရန် ဝိုင်းဝန်းတောင်းဆိုကြရမည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်သူ မမြကြေးမုံက ယခုလိုပြောဆိုသွားခဲ့သည်။

"ညနေစာမစားဘဲနဲ့ ခုထိ ရဟန်းဝိနည်းကို ထိန်းသိမ်းနေဆဲလို့ သိရပါတယ်။ ၁၅ နှစ်ကျော်အချိန်တွေကြာခဲ့ပြီ။ သူ့ရဲ့လွှတ်မြောက်ရေးအတွက် ဘယ်သူကမှ အရေးဆို မပေးဘူး၊ အားထုတ် မပေးဘူးဆိုတာကတော့ အင်မတန်ရက်ဖို့ကောင်းတယ်လို့ထင်ပါတယ်။ ဘုန်းကြီးတပါးအနေနဲ့ ထောင်ထဲမှာ ၁၅ နှစ်ကျော်ကြီးဆိုတာ အရမ်းအခြေအနေဆိုးတယ်လေ။ ဆရာတော်ကြီး လွှတ်မြောက်ဖို့အရေးကို ဘယ်သူကမှ သတိမရဘဲဖြစ်နေလို့ ကျယ်ကျယ်ပြန့်ပြန့်လေး လုပ်ပေးဖို့ပါ" အစသို့

## မြို့တော်ခန်းမရှေ့ဆန္ဒပြခဲ့သည့် သီလရှင် ၂ ပါး၏အယူခံ ပယ်ချခံရ တိုင်းနှင့်ဗဟိုတရားရုံးအထိ အဆင့်ဆင့် အယူခံ ဆက်တင်သွားမည်

*၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

မြို့တော်ခန်းမရှေ့ဆန္ဒပြမှုနှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခြင်းခံထားရသည့် သီလရှင် ၂ ပါး၏အယူခံလွှာများကို ခရိုင်တရားရုံးက ထပ်မံပယ်ချလိုက်ကြောင်း သိရသည်။

စစ်ဆေးကြားနာမှုပင် မလုပ်ဘဲ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပယ်ချလိုက်ခြင်းဖြစ်သည်ဟု အဖွဲ့ချုပ်ရှေ့နေတို့က ပြောဆိုသည်။ အဖမ်းခံထားရသည့် ဒေါ်တေဇဝတီနှင့် ဒေါ်မာလာရီတို့ ၂ ပါးသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မြို့တော်ခန်းမရှေ့ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး အဓိက တောင်းဆိုချက်မှာ ကုန်စျေးနှုန်းကျဆင်းရေးပင်ဖြစ်သည်။ ၎င်းတို့အဖမ်းခံရပြီးကတည်းက အဖွဲ့ချုပ်ရှေ့နေများက အယူခံလွှာတင်ရန် ကြိုးစားခဲ့ကြခြင်းဖြစ်ပြီး ယခု ခရိုင်တရားရုံးက ပယ်ချခဲ့ခြင်း ဖြစ်သည်။ သို့သော် တိုင်းနှင့် ဗဟိုတရားရုံးအထိ အဆင့်ဆင့် အယူခံလွှာဆက်တင်သွားမည့်အကြောင်း အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ယခုလို ပြောဆိုသည်။

"အယူခံ ဆက်သွားဖို့ပေါ့။ တိုင်းနဲ့ ဗဟို ကျန်တာပေါ့၊ ကိုယ့်အခွင့်အရေးအရ ကိုယ်ဆက်တင်မယ် ပယ်တာ၊ မပယ်တာ သူတို့အပိုင်းပေါ့"

ယခုဆိုလျှင် ဖမ်းဆီးခံထားရသည်မှာ တနှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ထောင်ဝင်စာလာ တွေ့မည်သူ တဦးမျှမရှိကြောင်းလည်း သိရပါတယ်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဦးဉာဏ်ဝင်းက ...

"ကျနော်တို့မှာ သီးခြား Fund လည်း မရတော့ တတ်နိုင်တဲ့သူက ဝိုင်းပြီးတော့ အကူအညီပေးရတာပဲ။ ကျနော်သိသလောက်တော့ ထောင်ဝင်စာ ဆက်သွယ်လာတယ်လို့ မကြားသေးဘူး။ နောက်ဆုံးကြားခဲ့တုန်းက လွန်ခဲ့တဲ့နှစ်လလောက် မလာကြဘူးလို့ သိရတယ်။ သူတို့ကျန်းမာရေးတော့ ကောင်းတယ်။ သူတို့အိမ်ကလည်း တောဘက်ကဆိုတော့ အဆက်အသွယ် မသိတာလား၊ သိပေမယ့်လို့ ကြောက်လို့ မလာတာလားတော့ မပြောတတ်ဘူး။ ထောင်ဝင်စာအနေနဲ့တော့ သူ့မိသားစုဝင်မဟုတ်တဲ့အတွက် တွေ့လို့တော့ မရဘူး။ တွေ့လို့ရတဲ့လူက တဆင့် ကျနော်တို့ တတ်နိုင်သမျှ ပံ့ပိုးပေးနေကြတယ်"

ပြီးခဲ့သည့်နှစ်အတွင်း သီလရှင်နှစ်ပါး၏အရင် ဆန္ဒပြခဲ့သူများဖြစ်သည့် ဥပဒေကျောင်းသား ကိုသက်နောင်စိုးနှင့် ကိုခင်မောင်ဝင်းတို့ကိုလည်း စစ်အစိုးရက ထောင်ဒဏ် ၇ နှစ်နှင့် ၁၄ နှစ်စီ အသီးသီးချမှတ်ခဲ့သည်။ ကိုခင်မောင်ဝင်းအတွက် အယူခံလွှာတင်သွင်းရန်လည်း အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့က ပြင်ဆင်နေပြီး ကိုသက်နောင်စိုးကတော့ ၎င်းအနေဖြင့် မှန်တာကိုလုပ်ခဲ့သည့်အတွက် စစ်အစိုးရထံ အယူခံဝင်စရာမလိုကြောင်း ပြောဆိုပြီးပြတ်ပြတ်သားသား ငြင်းပယ်ထားကြောင်းလည်း သိရှိရသည်။ အစသို့

## ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်အေး နေအိမ်အား ဝင်ရောက်စစ်ဆေး ချိတ်ပိတ်ထားသည့် မြို့နယ်အဖွဲ့ချုပ်ရုံးမှ စာရွက်စာတမ်းများကို သိမ်းဆည်း

*၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ ဦးမောင်မောင်ဟိန်း (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်အေးနှင့်စည်းရုံးရေးအဖွဲ့ဝင် ဦးတင်မောင်ကြည်တို့ ၂ ဦး ဖမ်းဆီးခံရသည့်သတင်း တနင်္ဂနွေနေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ထပ်မံရရှိသည့်သတင်းများအရ ဦးမြင့်အေး၏နေအိမ်ကို စစ်ထောက်လှမ်းရေးများ ယနေ့ ဝင်ရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။ သို့သော် မည်သည့်အထောက်အထားမျှ ရှာမတွေ့ခြင်းကြောင့် မြို့နယ်အဖွဲ့ချုပ်ရုံးကို သွားရောက်ရှာဖွေပြီး အဖွဲ့ချုပ်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ သိမ်းယူသွားကြောင်း သိရသည်။

၃၁ ရက်နေ့တွင် ထောက်လှမ်းရေးအမှတ် ၇ ၏ ဖမ်းဆီးခြင်းခံရသည့် ကြည့်မြင်တိုင်မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်အေးကို စစ်ထောက်လှမ်းရေးနှင့် အထူးသတင်းတပ်ဖွဲ့က ဦးမြင့်အေးနေအိမ်အတွင်း ယနေ့နေ့လယ် ၂ နာရီမှာ ရှာဖွေစစ်ဆေးခဲ့သည်။ ထို့နောက် ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်၊ အရှေ့ရပ်ကွက်၊ ရေတွင်းကုန်း ၂ လမ်း အိမ်အမှတ် ၃ မြို့နယ် NLD ရုံးခန်းအတွင်း ချိတ်ပိတ်ထားသည့် ဘီရို ၃ လုံးကိုဖွင့်ပြီး ရှာဖွေခဲ့ကြောင်းသိရသည်။ ဒီအကြောင်းကို အဖွဲ့ဝင်တဦးက ...

"ကျမတို့ရုံးက စာရွက်စာတမ်း တော်တော်များများ သိမ်းယူသွားတယ်။ ရုံးမှာရှိနေတဲ့ လူငယ် ၂ ဦးကိုလည်း ဖမ်းယူ သွားတယ်။ ကျမတို့ရုံးက အိမ်နဲ့တွဲလျက်ဖြစ်တဲ့အတွက် ရုံးအဖြစ်သတ်မှတ်ထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုတော့ ချိတ်ပိတ်ထားတယ်"

ဦးမြင့်အေးကို ရပ်ကွက်အတွင်း ခေါ်လာခဲ့သော်လည်း မိသားစုဝင်များနှင့် စကားပြောခွင့်မရအောင် အထူးရဲများက အလစ်မပေးဘဲ စောင့်ကြည့်နေကြောင်း သိရသည်။ ရှာဖွေသိမ်းဆည်းပြီး ဦးမြင့်အေးကို ပြန်ခေါ်သွားသည့် ယခုလုပ်ရပ်ကို ဒေသခံများ မည်သို့ထင်မြင်ကြောင်း မေးမြန်းကြည့်ရာတွင် စစ်အစိုးရ၏ NLD အပေါ် ဥပဒေမဲ့ အနိုင်ကျင့်လုပ်ရပ်ဖြစ်ပြီး အာဏာရှင်၏ တိုင်းပြည်ကောင်းကျိုးလုပ်ရပ်ဟာ ဒါပါပဲဟု ပြောဆိုကြသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် ဒီဗွီဘီ က ဦးမောင်မောင်ဟိန်းကို မေးမြန်းထားသည်။

မေး ။ ။ ဦးမြင့်အေးနဲ့အတူ အဖမ်းခံရတဲ့ ဦးတင်မောင်ကြည်ရဲ့အခြေအနေရော ဘာများထပ်ပြီးကြားရပါသေးလဲ။

ဟိန်း ။ ။ ဦးတင်မောင်ကြည်ရဲ့မိသားစုတွေကို ဆက်သွယ်မှုလည်း မရှိသေးဘူး။ ဘယ်နေရာမှာဖမ်းဆီးထားတယ်ဆိုတာလည်း ခုထိစုံစမ်းလို့မရသေးပါဘူး။

မေး ။ ။ သူတို့ကို ထောက်လှမ်းရေးက ဘာ့ကြောင့်ဖမ်းရတယ်ဆိုတာရော သိရပါသလား။

ဟိန်း ။ ။ ဒေသခံတွေ ပြောပြသွားတာကတော့ ဦးမြင့်အေးရော၊ ဦးတင်မောင်ကြည်ရောဟာ ကြည့်မြင်တိုင်မြို့နယ်အတွင်း လူငယ်စည်းရုံးမှုနဲ့ပတ်သက်ပြီးတော့ အလွန်ပဲ ဆက်သွယ်ရေးကောင်းတယ်။ ပြောဆိုဆက်ဆံမှုလည်း ပြေပြစ်တယ်။ တချို့နေရာတွေမှာ အနစ်နာခံလုပ်သွားတဲ့ အပိုင်းတွေလည်း ရှိတယ်။ တခြား တိုင်းအသီးသီးတွေမှာလည်း အဆက်အသွယ်ရှိသလို လူ့အခွင့်အရေးနဲ့သက်ဆိုင်တဲ့ကိစ္စတွေကိုလည်း ပြောဆိုရှင်းပြနိုင်တဲ့ အနေအထားတွေလည်း ရှိတယ်ခင်ဗျ။ အဲဒီအတွက် ဒေသအတွင်းမှာရော၊ အခြား တိုင်းနဲ့ပြည်နယ်အသီးသီးတွေမှာရော ဆက်သွယ်မှုတွေရှိပြီးတော့ NLD စည်းရုံးမှုနဲ့ပတ်သက်ပြီး အတော်ထိရောက်တယ်လို့ လူငယ်တွေက ကျနော့်ကို ပြောပြတယ်။ နောက်တချက်က ဦးမြင့်အေးဟာ ဘာသာရေး၊ သာရေး နာရေးကအစ အားလုံးကို ကိုယ်ကျိုးစွန့်အနစ်နာခံပြီးလုပ်တာတွေက သူတို့စည်းရုံးရေးနဲ့ပတ်သက်ပြီး အတော်ထိရောက်တယ်လို့ ကျနော် သိရပါတယ်။ အဲဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဖမ်းဆီးတာလို့လည်း မြင်တယ်။ အစသို့

## ကျိုင်းတုံမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောနန္ဒီ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ ပြည်ထောင်စုနေ့အမီ ပြန်လွှတ်ပေးရန် ၎င်း၏ရှေ့နေ ဦးသိန်းညွန့်တောင်းဆို

*၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ရှမ်းပြည်နယ်၊ ကျိုင်းတုံအကျဉ်းထောင်တွင် ထောင်ဒဏ် ၇ နှစ် ကျခံနေရသည့် ဦးစောနန္ဒီ၏ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်အပတ်တွင်းကဆိုလျှင် ကျန်းမာရေးအခြေအနေ ပိုဆိုးလာခြင်းကြောင့် အပြင်မှ အရေးပေါ် ဆေးဝယ်ပေးခဲ့ရသည်ဟု ချင်းပြည်နယ် အဖွဲ့ချုပ်ဝင်တဦးက ဒီဗွီဘီကို ပြောဆိုသည်။ ကျိုင်းတုံမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောနန္ဒီသည် ပြည်နယ်စည်းရုံးရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးစိုင်းဖတ်နှင့်အတူ ၂၀၀၂ ခုနှစ် စက်တင်ဘာလအတွင်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ထောင်ဒဏ် ၇ နှစ်ကျော် ကျခံနေရခြင်းလည်း ဖြစ်သည်။ ဦးစိုင်းဖတ်မှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျိုင်းတုံအကျဉ်းထောင်တွင်း၌ပင် သေဆုံးသွားခဲ့သည်။ ကျိုင်းတုံထောင်တွင် ဆက်လက်ဖမ်းဆီးခံနေရသည့် ဦးစောနန္ဒီ၏ လက်ရှိကျန်းမာရေးအခြေအနေအကြောင်းကို ပုံမှန်ဆေးဝယ်ပို့ပေးနေရသည့် ကျိုင်းတုံဒေသခံတဦးက ဒီဗွီဘီကို ယခုလိုပြောဆိုခဲ့သည်။

"ပြီးခဲ့တဲ့တပတ်လောက်ကဆိုရင် သူ့ကျန်းမာရေး သိပ်မကောင်းလို့ဆိုပြီး အပြင်ကနေ သူ့အတွက်လိုအပ်မယ့် ဆေးဝါးလေးတွေ ရေးပြီးတော့ ကျနော်တို့က ဝယ်ပေးရတာပေါ့။ သူက အသက်လည်း ကြီးပြီကိုး။ ၆၀ ကျော်သွားပြီကော။ အားနည်းရောဂါလည်း ဖြစ်မယ်။ ဆီးချိုလည်း ဖြစ်တာပေါ့။ သွေးတိုးလည်းရှိတယ်"

ဦးစောနန္ဒီကို အာဏာပိုင်တို့က ပုဒ်မ ၅ (ည) ဖြင့် စီရင်ချက်ချမှတ်ခဲ့သော်လည်း ဆန်စပါးရောင်းဝယ်ရေးနှင့်ပတ်သက်၍ လယ်သမားများဘက်မှ ရပ်တည်ပေးခဲ့ခြင်းကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ၎င်းအမှုကို လိုက်ပေးခဲ့သည့် ရှေ့နေကြီး ဦးသိန်းညွန့်က ပြောဆိုသည်။ ယခုချိန်တွင် အာဏာပိုင်များက ဆန်စပါး လွတ်လပ်စွာ ရောင်းဝယ်ခွင့် သတ်မှတ်လိုက်ပြီဖြစ်ခြင်းကြောင့် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် ဦးစောနန္ဒီကို ပြည်ထောင်စုနေ့အမီ ပြန်လွှတ်ပေးသင့်ပြီဖြစ်ကြောင်း ဦးသိန်းညွန့်က ယခုလိုတောင်းဆိုထားသည်။

"ဦးစောနန္ဒီကို အရေးယူတဲ့ အဓိကကတော့ ဆန်စပါး လွတ်လပ်စွာရောင်းဝယ်ဖို့ ကိစ္စပဲ။ အဲဒါ လက်ရှိအာဏာပိုင်များက ဆန်စပါးလွတ်လပ်စွာရောင်းခွင့်ပေးတဲ့အချိန်မှာ တောင်သူလယ်သမားတွေ ဆန်စပါးလွတ်လပ်စွာရောင်းဝယ်ဖို့၊ လယ်သမားတွေ ဆန်စပါးနဲ့ပတ်သက်ပြီး သူတို့ ရဲ့ အခွင့်အရေးတွေထိုက်ထိုက်တန်တန်ရဖို့ ဆောင်ရွက်ခဲ့တဲ့ ဦးစောနန္ဒီတို့ကို ပြစ်ဒဏ်ပေးထားခဲ့တာ နိုင်ငံရေးအရ ခုအခြေအနေမှာ မဆီလျော်တော့ဘူး။ မကိုက်ညီတော့ဘူးလို့ ကျနော်ယူဆပါတယ်။ ဆန်စပါးကိစ္စကြောင့် အပြစ်ပေးမယ်ဆိုရင်လည်း အခုက ဆန်စပါးကို လွတ်လပ်စွာရောင်းခွင့်ပေးတဲ့ အခြေအနေမျိုး ရောက်နေတဲ့အတွက် ဦးစောနန္ဒီတို့လို အသက် ၆၀-၇၀ ရှိတဲ့ ရှမ်းတိုင်းရင်းသား သက်ကြီးရွယ်အိုတဦးကို ထောင်ထဲမှာဆက်လက်ထားရှိသင့်သလား။ ဘက်ပေါင်းစုံကနေ မေးခွန်းထုတ်ဖို့လိုပါတယ်။ ဒါကြောင့် ဦးစောနန္ဒီကို အခုလို ပြည်ထောင်စုနေ့အကြိုနေ့မှာ လွှတ်ပေးမယ်ဆိုရင် ဦးစောနန္ဒီအမှုလို့ဆိုပေမယ့် ဒီအမှုရဲ့နောက်ကွယ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုနိုင်မယ်လို့ ကျနော်ယူဆပါတယ်။ ဒါကတော့ သူ့အမှုကို လိုက်ခဲ့တဲ့ ရှေ့နေတယောက်အနေနဲ့ ကျနော့်ရဲ့ ခံစားချက်ပါပဲ" အစသို့

## ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်နှင့် ဆက်သွယ်မေးမြန်းချက်

*၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ပြီးခဲ့သည့်ရက်ပိုင်းက သရက်အကျဉ်းထောင်က ပြန်လွတ်လာသည့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းထားသည်။

မေး ။ ။ ထောင်တွင်းအတွေ့အကြုံတွေ မပြောခင် အရင်ဆုံး စစ်ထောက်လှမ်းရေးတွေရဲ့ စစ်ကြောရေးစခန်း အတွေ့အကြုံကို ပြောပြလို့ရရင် ပြောပြပေးပါလား။

ဒေါက်တာမြင့်နိုင် ။ ။ ရေကြည်အိုင်မှာနေခဲ့ရပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုတော့ မခံခဲ့ရပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောမယ်နော်။ စိတ်ပိုင်းဆိုင်ရာကတော့ ခြိမ်းခြောက်မှုလေးတွေ၊ ဝေါက်ငမ်းမှုလေးတွေတော့ ခံခဲ့ရတာပေါ့ဗျာ။အဲဒီအချိန်မှာ ကိုမောင်ကိုကလည်းဆုံးထားတာ ဘာကြာသေးလို့လဲ။

မေး ။ ။၁၉၉၅ ခုနှစ်လောက်တုန်းက ဦးဝင်းတင် အပါအဝင် ဒေါက်တာမြင့်နိုင်တို့ နိုင်ငံရေးအကျဉ်းသား ၂၂ ယောက်ကို နောက်ထပ်အမှုဆင်ပြီးတော့ ထောင်ဒဏ်ချခဲ့သေးတယ်လို့ ကျမတို့ သိရပါတယ်။ ဒီအကြောင်း ပြောပြပေးလို့ရမလား။

ဒေါက်တာမြင့်နိုင် ။ ။ တိုက်တွေကို ရှာဖွေရေးလုပ်တဲ့အခါ ချွန်းတွေနဲ့ပေါက်ရှာပါတယ်။ ဘာမှကျနော်တို့အခန်းမှာ မတွေ့ခဲ့ရပါဘူး။ နောက်ပြီးမှဘယ်ကနေ ဘယ်လိုဖြစ်လဲ မသိဘူး၊ ကျနော့်ကို အသင်းအပင်းဖွဲ့စည်းမှုဆိုပြီး တရားစွဲခဲ့ပါတယ်။ တရားစွဲပြီး ၁၉၉၆ ခု၊ မတ်လ ၂၈ ရက်နေ့မှာ ကျနော့်ကို ထောင်ဒဏ် ၅ နှစ် အပြစ်ချမှတ်ခဲ့တာပါ။ ကျနော်တို့ကို ရုံးတင်တဲ့အခါကျတော့ သူတို့မှာ သက်သေခံပစ္စည်း အထောက်အထား ဘာတခုမှ မရခဲ့ပါဘူးခင်ဗျာ။

မေး ။ ။ ဒီလို နောက်ထပ် ထောင်မချခင်မှာ ဒေါက်တာမြင့်နိုင်တို့ကို အင်းစိန်ထောင်၊ စစ်ခွေးတိုက်ဆီပို့တယ်လို့လည်း ကျမတို့ကြားသိရပါတယ်။ အဲဒီ စစ်ခွေးတိုက်က အတွေ့အကြုံရော ဘာတွေရှိပါသလဲ။

ဒေါက်တာမြင့်နိုင် ။ ။ စစ်ခွေးတိုက် ရောက်ခါစမှာ ကျနော်တို့ကို အခန်းသစ်ထဲ ထည့်ထားပြီးတော့ တမံသလင်းပြင်မှာ ဖုန်တွေ သဲတွေနဲ့ နေခဲ့ရပါတယ်။ ကျနော်က ရေသောက်ချင်လို့ သောက်ရေတခွက် တောင်းခဲ့ပါတယ်။ ရေမတိုက်ရဘူးလို့ ပြောပါတယ်။ အဲဒီအချိန်က ဆောင်းဝင်ခါစ ဆိုတော့ ကျနော်တို့က အနွေးထည်ယူချင်လို့ပြောတဲ့အခါ ထောင်မှူးက ယူခွင့်မပေးဘူးဗျ။ အဲတော့ အနွေးထည်မပါဘဲနဲ့ သွားခဲ့ရပါတယ်။ အဲလို ကျနော်ရေတောင်းလို့ မရတဲ့အတွက် ဘာလုပ်ရမလဲလို့ ကျနော့်ကိုယ် ကျနော် စဉ်းစားလိုက်တဲ့အခါမှာ ငါ လမ်းလျှောက်လို့ မဖြစ်ဘူး။ လမ်းလျှောက်ရင် ငါ ရေဆာလိမ့်မယ်။ ရေလည်း မပေးဘူး။ နောက်ပြီး ခြင်လည်းကိုက်တယ်။ ငါ စောစောအိပ်ရမယ်။ ရေမပေးဘူးဆိုရင် ငါ ဘာလုပ်ရမလဲ။ နောက်ကို ကြည့်လိုက်ပါတယ်။ ဂန်ဖလား ရှိပါတယ်။ (ဂန်ဖလားက ဆေးကြောလည်း မထားပါဘူး) အင်း နောက်ဆုံးတနေ့တော့ ငါ့သေးငါပေါက်၊ ငါ ပြန်သောက်ရမှာပဲလို့ ကိုယ့်ကိုယ်ကိုယ် နေခဲ့ရပါတယ်။

မေး ။ ။ ဒီလို အခက်အခဲအကြပ်အတည်းတွေကို ဘယ်လိုကျော်လွှားခဲ့ရပါသလဲ။

ဒေါက်တာမြင့်နိုင် ။ ။ စိတ်ကိုတည်ငြိမ်အောင်တရား စ,ထိုင်လိုက်ပါတယ်။ တရားထိုင်ပြီး အိပ်ခဲ့ပါတယ်။ အိပ်ပျော်သွားပါတယ်။ ည ၁၂ နာရီလောက်ကျတော့ ခြင်တွေကိုက်လို့ ထထိုင်ပြီး ခြင်တွေယပ်ခတ်ပြီး နေခဲ့ပါတယ်။ အဲဒီအချိန်က ထောင်ဝင်စာမလာနိုင်သေးတော့ ဆေးလိပ်လေး သောက်ချင်တာတောင်မှ မီး မပေးဘူးဗျာ။ မီး ပေးပါ၊ ဆေးလိပ်သောက်ချင်လို့ပါပြောတော့ ခင်ဗျား ထောင်ဝင်စာမလာတော့ ဆေးလိပ်မရှိလို့ မပေးနိုင်ပါဘူးတဲ့။

မေး ။ ။ အင်းစိန်ကနေ သရက်ထောင်ကို ပြောင်းခဲ့တယ်လို့ ကျမတို့ သိရပါတယ်။ ဒီလို ထောင်ပြောင်းအတွေ့အကြုံရော ဘယ်လိုရှိပါသလဲ။

ဒေါက်တာမြင့်နိုင် ။ ။ ကျနော့်ကို ကားနဲ့ခေါ်သွားပြီးတော့ တောက်လျှောက်ပဲ သရက်ထောင်မှာ ကားနဲ့ရပ်ပါတယ်။ ရပ်ပြီး ဘူးတံခါးဖွင့်ဝင်လိုက်တဲ့အချိန်မှာ ၁-၂-၃-၄ ရေရပါတယ်။ အားလုံး ရေကြပါတယ်။ ရေတဲ့အချိန်မှာ ဝန်ထမ်း နှစ်ဦးသုံးဦးကနေ ရိုက်ပါတယ်။ ရိုက်ပြီး နေပူလှမ်းထားပါတယ်။ နေပူလှမ်းပြီး ပစ္စည်းတွေ စစ်ကြောပါတယ်။ ပစ္စည်းတွေစစ်တဲ့အချိန်မှာ လူတယောက်ရဲ့ ဂုဏ်သိက္ခာကို မစောင့်ဘဲ အဲဒီလူကို ဖင်ကုန်းခိုင်းပြီး ဖင်ကြားထဲမှာ ပစ္စည်းပါလာသလားဆိုပြီး ဖင်ဖြဲရှာပါတယ်ဗျ။ ဒါတွေကိုလည်း ပြောပေမယ့်လို့လည်း မရပါဘူး။ ပစ္စည်းတွေစစ်တဲ့အခါလည်း ဟိုဟာတွေမှောက် ဒီဟာတွေမှောက်ပြီး အရှာခံရပါတယ်။ တချို့ပစ္စည်းတွေကို သိမ်းလိုက်ပါတယ်။ သိမ်းပြီး ၁ တိုက်ထဲကို တယောက်တခန်း ထည့်ထားခဲ့ပါတယ်။ ရေချိုးဖို့ ၁၅ မိနစ်၊ နာရီဝက်လောက် ရပါတယ်။ ရေကလည်း တကယ်ရှားတဲ့အချိန်ဆိုတော့ ရေကို သောက်ခွက်လေးနဲ့ ခပ်ချိုးခဲ့ရပါတယ်။

မေး ။ ။ ပြည်သူက ရွေးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအနေနဲ့ အခုလို လူ့ဂုဏ်သိက္ခာနဲ့မညီတဲ့ ဆက်ဆံမှုတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘယ်လိုခံစားရပါသလဲ။

ဒေါက်တာမြင့်နိုင် ။ ။ ရှက်တာပေါ့ဗျာ။ ရှက်တာပေါ့။ ပြောတော့ ပြောပါတယ်။ ဖင်ကုန်းပြီးတော့ လူလယ်ခေါင်မှာ ပစ္စည်းဖွက်တယ်ဆိုပြီး အရှာခံခဲ့ရပါတယ်ဗျာ။ ထောင်ဘူးကနေ ရုံးနီးနီးလေး ထုတ်တာတောင်မှ ကျနော် ခြေကျင်း ၂ ရက် အခတ်ခံခဲ့ရပါတယ်။ ထောင်တွင်းမှာဆိုရင်တော့ ပြောမနေနဲ့ပေ့ါဗျာ။ ခြေကျင်းကို ဖြုတ်ပေးဖို့ပြောတဲ့အချိန်မှာ မပြောကြပါနဲ့၊ ထောင်ပိုင် မကျေနပ်ရင် ထပ်ကြာနေပါလိမ့်မယ်၊ ငြိမ်ငြိမ်နေပါ၊ ကျနော်တို့ဖြုတ်ပေးပါ့မယ်ဆိုပြီး နှစ်ပတ်နီးပါးလောက် ခြေကျင်းနဲ့နေခဲ့ရပါတယ်။ ခြေကျင်းကသံဆိပ်နဲ့ဆိုတော့ ယောင်တာပေ့ါဗျာ။ လမ်းလျှောက်ရတာလည်း ကွတကွတနဲ့ ဘယ်လိုလုပ်ရမလဲ။

မေး ။ ။ အင်းစိန်ထောင်မှာရော၊ သရက်ထောင်မှာရော နေထိုင်ခဲ့ရတယ်ဆိုတော့ ဒီထောင်နှစ်ခုရဲ့ ကွာခြားချက်ကရော ဘယ်လိုရှိပါသလဲရှင်။

ဒေါက်တာမြင့်နိုင် ။ ။ အချိန်အခါအရ ပြောရမယ်ဆိုရင် ၉၀–၉၁ အချိန်က ဗမာပြည်အကြောင်းကို နိုင်ငံတကာက မသိသေးတော့ အဲဒီအချိန်ကတအား ဆိုးတာပေါ့ဗျာ။ ဒါတွေ ခင်ဗျားတို့ ကြားခဲ့ပြီးသားဆိုတော့ ကျနော် အထူးအထွေ မပြောတော့ပါဘူး။ အဲဒီအချိန်နဲ့စာရင် သရက်ထောင်က (နှိုင်းယှဉ်ပြောရရင်) အဲလောက်တော့ မဆိုးဘူးလို့ပြောလို့ ရမလားမသိဘူး။ ဝင်တဲ့အချိန် အရိုက်ခံရတာကတော့ ဆိုးတယ်။ ဖင်ဖြဲရှာတာ ဆိုးတယ်။

မေး ။ ။ ထောင်တွင်းမှာ နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) နဲ့ရော တွေ့ဆုံခဲ့ရတာရှိပါသလား။

ဒေါက်တာမြင့်နိုင် ။ ။ ရပါတယ်ဗျာ။ ICRC လာတဲ့အချိန်မှာ ကျနော်တို့ သီးသန့်တွေ့ခွင့်ရပါတယ်။ အုပ်စုလိုက် ပြောကြရပါတယ်။

မေး ။ ။ ICRC အဖွဲ့ လာပြီးတဲ့နောက်ပိုင်းမှာရော ထောင်တွင်းအခြေအနေ ထူးခြားမှု ဘာရှိပါသလဲ။

ဒေါက်တာမြင့်နိုင် ။ ။ ICRC ကို အများကြီးကျေးဇူးတင်ရမှာပေါ့ဗျာ။ သူတို့ကြည့်လိုက်တဲ့အခါ တော်တော်လေး ပြောင်းလဲသွားပါတယ်။ လိုအပ်တဲ့အချက်တွေကတော့ အများကြီးကျန်သေးတာပေါ့။ ရုပ်ပိုင်းဆိုင်ရာညှဉ်းပမ်းနှိပ်စက်မှုတော့ မရှိဘူးလို့ ပြောလို့ရပါတယ်။ စိတ်ပိုင်းဆိုင်ရာလည်း တော်တော်လေး နည်းသွားပါတယ်။ ဒါ အမှန်ကို အမှန်အတိုင်း ပြောရမှာပဲ။ ဒီပြင် ထောင်ရဲ့လိုအပ်ချက်တွေကတော့ အခုဆိုရင် သရက်ထောင်အနေနဲ့ဘာသာရေးစာအုပ်အပြင် နိုင်ငံတွင်းမှာ တရားဝင်ဖြန့်ဖြူးခွင့်ရတဲ့ စာအုပ်အားလုံးနီးပါး ဖတ်လို့ရနေပါပြီ။ စာရေးခွင့်ကတော့ လုံးဝမရသေးပါဘူး။ အစားအသောက်ကတော့ နဂိုလောက်ပဲ ပြောချင်ပါတယ်။ ကိုယ့်ပိုက်ဆံ၊ ကိုယ့်စရိတ်ရှိမှ စားရသောက်ရမယ့် အခြေအနေပါပဲ။ နောက်တခုပြောချင်တာက သရက်ထောင်မှာ ဆေးဝါး လုံးဝ မပြည့်စုံပါဘူး။ ဆရာဝန် မရှိပါဘူး။ ယောက်ျားသူနာပြုတယောက်တော့ ရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ အခုတော့ ရှေ့ကြည့်လို့ပဲထားပြီးတော့ ထိုင်တာ/မထိုင်တာကို မပြော တော့ပါဘူး။ အခုသရက်ထောင်ရဲ့ အခြေအနေကို ပြောရမယ်ဆိုရင် အခြေအနေ တော်တော်လေး မဆိုးပါဘူးလို့ ပြောချင်ပါတယ်။

မေး ။ ။ ထောင်တွင်းမှာ ၁၄ နှစ်နီးပါး ခက်ခက်ခဲခဲ ကျော်လွှားခဲ့ပြီးတဲ့နောက် အခု ပြန်လွတ်လာပြီဆိုတော့ ရှေ့ဆက်ပြီး ဘာတွေ လုပ်မယ်၊ ကန့်ဘလူမြို့နယ်က မဲဆန္ဒရှင်တွေကို ဘယ်လိုများစကားပါးချင်ပါသလဲ ရှင်။

ဒေါက်တာမြင့်နိုင် ။ ။ ကျနော့်ကို ပြည်သူက ၁၉၉၀ ခုနှစ်မှာ ရွေးချယ်ပြီးသားဖြစ်ပါတယ်။ ကျနော်ဟာ ခုချိန်ထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တယောက်လို့ပဲ သဘောထားပါတယ်။ ကျနော်ဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တယောက်ဖြစ်တဲ့အတွက် ပါတီကချမှတ်မယ့် မူဝါဒလမ်းစဉ်ကို တသွေမတိမ်းလိုက်နာရမှာ ကျနော့်ရဲ့တာဝန်ပါ။ ကန့်ဘလူ မဲဆန္ဒရှင်တွေ၊ ကန့်ဘလူ ပြည်သူတွေဖြစ်စေချင်တဲ့ဆန္ဒကို မဖြစ်မနေ၊ မမိုတ်မသုဉ်၊ အဲဒါကို ရရှိသည်အထိ ဒေါက်တာမြင့်နိုင်တယောက် ကြိုးစားပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမယ်ဆိုတာကိုတော့ ပြောလိုက်ချင်ပါတယ်။

ဒေါက်တာမြင့်နိုင်သည် ၁၉၉၀ ခုနှစ်ကတည်းက နဝတ ၏ မတရားဖမ်းဆီးခံခဲ့ရပြီး ထောင်ထဲတွင် ၁၄ နှစ်နီးပါးနေခဲ့ရသည့် အဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ်တဦးလည်း ဖြစ်သည်။

အစသို့

## ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာ့ဒီမိုကရေစီရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ အထူးကိုယ်စားလှယ် လာရောက်ဆွေးနွေးမည်

*၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအပါအဝင်မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးကိစ္စ ဆွေးနွေးရန် အင်ဒိုနီးရှားနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာအလီအလာတပ်စ် မကြာမီ ရန်ကုန်မြို့ကို လာရောက်ရန်စီစဉ်နေကြောင်း သိရသည်။

"အလာတပ်စ်ကို စေလွှတ်ရေးအတွက် မြန်မာအစိုးရနှင့်ဆွေးနွေးနေကြောင်း၊ မကြာမီကာလအတွင်း ရန်ကုန်ကိုသွားနိုင်ရေး မျှော်လင့်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန် ဝီဒါယုဒက သတင်းထောက်များကို ယနေ့ ပြောကြားခဲ့သည်။

အလာတပ်စ်သည် ထင်ရှားသည့် ဝါရင့်သံတမန်တဦးဖြစ်ပြီး အာဏာရှင်ဟောင်း ဆူဟာတိုလက်ထက်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလက ၎င်းကို အာဆီယံ၏အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီး ရန်ကုန်ကိုစေလွှတ်ခဲ့သည်။ သို့သော်လည်း ဒီမိုကရေစီအရေးကိစ္စ ဆွေးနွေးရန်သာမဟုတ် ဖမ်းဆီခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်ပင် တွေ့ခွင့်မရဘဲပြန်လာခဲ့ရ၍ အများ၏ဝေဖန်စရာဖြစ်ခဲ့သည်။ သို့သော် ယခုအကြိမ်သွားခွင့်ရလျှင် မည်သို့ထူးလာမည်ကို အများက စိတ်ဝင်တစားစောင့်ကြည့်နေသည်။အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဖွဲ့၏ လက်ရှိဥက္ကဋ္ဌဖြစ်ပြီး လာမည့်ဇွန်လ၌ အာဆီယံအစည်းအဝေးကို အိမ်ရှင်အဖြစ်ကျင်းပရန်စီစဉ်ထားသည်။ ထို့ကြောင့် အစည်းအဝေးမတိုင်မီ ထူးခြားမှုတခုခု တွေ့လိုသောဆန္ဒရှိနေသည်ဟုလည်း သိရသည်။ အာဆီယံအဖွဲ့သည် ဒီပဲယင်းအရေးအခင်းဖြစ်စဉ်က နအဖ ကို ဝေဖန်မှုများပြုလုပ်ခဲ့သော်လည်း နောက်ပိုင်း၌ ရေငုံနှုတ်ပိတ်သွားပြီး ဗိုလ်ချုပ်ခင်ညွန့်၏ Road Map ကိုထောက်ခံသည့်သဘောမျိုး ပြောဆိုခဲ့သည်။ အာဆီယံအထူးကိုယ်စားလှယ် မစ္စတာ အလာတက်စ်လာမည်ဟု သတင်းများထွက်ပေါ်နေသော်လည်းယခင်ကတည်းက ယခုလထဲတွင် ရောက်ရှိလာမည်ဟု ကြေညာထား၍ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇလီအစ္စမေးလ်ကို နအဖဘက်က ပြည်ဝင်ခွင့်ပေးရန် ငြင်းဆိုထားဆဲဖြစ်ကြောင်း အေဂျင်စီသတင်းများအရ သိရှိရသည်။

အစသို့

## စစ်တွေအကျဉ်းထောင်မှ ထောင်ဝန်ထမ်း ၁၃ ဦး ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခံရ

*၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ရခိုင်ပြည်နယ်၊ စစ်တွေအကျဉ်းထောင်ကထောင်ဝန်ထမ်း ၁၃ ဦးကို နအဖ က ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

စစ်တွေထောင်လက်ထောက်ညွှန်ကြားရေးမှူးဦးတင်မောင်လွင်က ထောင်ရန်ပုံငွေများကို ကိုယ်ကျိုးအတွက်အလွဲသုံးစားပြုတဲ့အပေါ် ကန့်ကွက်ဆန္ဒပြခဲ့သောကြောင့် ယခုလို ထောင်ဒဏ်အပြစ်ပေးခံလိုက်ရခြင်းဖြစ်သည်။ ၎င်းတို့ ၁၃ ဦး ဆန္ဒပြခဲ့ခြင်းမှာ ၂၀၀၂ ခုနှစ်ကဖြစ်ပြီး ထောင်တွင်းဆူပူမှုဖြစ်အောင် လုပ်ဆောင်သည်ဆိုသော စွပ်စွဲချက်ဖြင့် ထောင်အာဏာပိုင်များက တရားစွဲခဲ့သည်။ ထို့နောက် (တနှစ်အကြာ) ပြီးခဲ့သည့်နှစ်ကမှ ထောင်ဒဏ်နှစ် ၂၀ စီ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထောင်ချခံရသည့် ဝန်ထမ်း ၁၃ ဦး၏အမည်များနှင့်တကွ နေရှုရာ သတင်း၌ ဖော်ပြထားသည်။

ထိုသတင်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိနိုင်ရန် နေရှုရာ သတင်းတာဝန်ခံ ကိုခိုင်မြတ်ကျော်ကို ဆက်သွယ်မေးမြန်းကြည့်ရာ ထောင်ဝန်ထမ်းများ ထောင်ဒဏ်အပြစ်ပေးခံရသည့်ကြောင်း ၎င်းက ယခုလိုရှင်းပြထားသည်။

"စစ်တွေအကျဉ်းထောင်မှာ ထောင်အာဏာပိုင်တွေက ထောင်ရန်ပုံငွေတွေ (ဥပမာ ထောင်သားတွေကို သူတို့ကနေ အလုပ်ခိုင်းတာတွေ၊ စိုက်ပျိုးရေးအဖွဲ့တွေ၊ စပါးအဖွဲ့တွေဆီက ရတဲ့ငွေတွေ) ကို လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်လွင်က ဒီ ထောင်သက်သာငွေတွေကို တဦးတည်း ကိုယ်ကျိုးအတွက်အသုံးပြုတယ်။ ထောင်ဝန်ထမ်းတွေကို ထောက်ပံ့မယ့်အစား အလွဲသုံးစားလုပ်တော့ ထောင်ဝန်ထမ်းတွေက မကျေနပ်တော့ ဖြေရှင်းပေးဖို့ အထက်ကိုစာတွေဘာတွေရေးတာပေ့ါ။ အလုပ်မဆင်းပဲနဲ့ ဆန္ဒပြတယ်လေ။ အဲတော့ အထက်မှာရှိတဲ့ ထောင်အာဏာပိုင်တွေက သူတို့ကို တရားစွဲဆိုတာပေ့ါဗျာ။ထောင်ပုန်ကန်မှု၊ ဆူပူမှုတွေလုပ်တယ်ဆိုပြီးပေ့ါ။ စစ်တွေထောင် တရားရုံးကနေ သူတို့ကို ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေးလိုက်တယ်လို့ သိရတယ်"

ယခုအခါ ထောင်ကျခံရသည့် ထောင်ဝန်ထမ်းများကို ပြီးခဲ့သော ဒီဇင်ဘာလအတွင်းကပင် ကျောက်ဖြူ၊ သံတွဲ၊ သာယာဝတီ၊ အင်းစိန် စသည့် ထောင်များသို့ အသီးသီးပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း သိရသည်။ အစသို့

## နအဖ အကျဉ်းထောင်အတွင်း ပညာရေးတော်မွတ်နေသည့် ရာနှင့်ချီသော ကလေးနိုင်ငံရေးအကျဉ်းသားများ

*၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နိုင်ငံရေးလှုပ်ရှားမှုကြောင့် အာဏာပိုင်များ၏ထောင်ဒဏ်အပြစ်ပေးခံရသူများထဲတွင် အသက် ၁၈နှစ် မပြည့်သေးသည့် ကျောင်းသားလူငယ်များလည်း အပါအဝင်ဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း ပညာသင်တပိုင်းတစနှင့် ထောင်ထဲရောက်ခဲ့ရသည့် ကျောင်းသားများ အများအပြားရှိခဲ့သည်။ကျောင်းသားလူငယ်များကို နအဖ က ထောင်ထဲပို့နေခြင်းသည် ၎င်းတို့၏ဘဝတိုးတက်မှု တက်လမ်းကိုရိုက်ချိုးပစ်လိုက်ခြင်းဖြစ်သည်။ ထိုအကြောင်းများနှင့်ပတ်သက်ပြီး အခြေခံပညာကျောင်းသားသမဂ္ဂအဖွဲ့ဝင်တဦးလည်းဖြစ်၊ အသက် ၁၄ နှစ် အရွယ်က စပြီး ထောင် ၂ ကြိမ်ချခံခဲ့ရဖူးသူ နိုင်ငံရေးအကျဉ်းသားဟောင်း မောင်ငြိမ်းအေးကို ဆက်သွယ်မေးမြန်းခဲ့သည်။

"၈၉ ခုနှစ် အခြေခံပညာကျောင်းသားများသမဂ္ဂမှာ (၁/၈၉) ထုတ်ပြန်ကြေညာချက်နဲ့ ထောင်ဒဏ် ၃ နှစ်ကို အမှတ် ၃ စစ်ခုံရုံးရဲ့ အပြစ်ပေးခြင်းခံခဲ့ရတယ်။ ၈ တန်းကျောင်းသားဘဝပဲ ရှိသေးတယ်။ ၁၄ နှစ်ပဲ ရှိသေးတာပေ့ါ။ အင်းစိန်ထောင်မှာ ၃ လလောက်နေပြီးတော့ သာယာဝတီထောင်ကို ပြောင်းရွှေ့ခံရတယ်။ သာယာဝတီထောင်ကပဲ ၁၉၉၂ ခုနှစ်မှာ ကျနော် ပြန်လွတ်လာခဲ့တယ်"

အသက် ၁၄ နှစ်မှစ၍ ၂ ကြိမ်ထောင်ကျခဲ့ပြီး အင်းစိန်၊ သာယာဝတီ၊ မြင်းခြံထောင်များတွင်နေထိုင်ခဲ့ဖူးပြီး ၎င်းကို အမိန့်မချခင်အထိ အသက်မပြည့်သေးသဖြင့် ထောင်ကျမည်ဟု မထင်ခဲ့ကြောင်းကိုလည်း ...

"စစ်ခုံရုံးကို တင်လိုက်တယ်ပေ့ါဗျာ။ ကျနော့်ကိုယ်ကျနော် အဲဒီအချိန်အထိ ထောင်ကျလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဘာလို့လဲဆိုတော့ ကျနော်က အသက် ၁၈ နှစ် မပြည့်သေးလို့ပေ့ါ။ အပြင်မှာရှိနေတဲ့လူတွေကလည်း ကျနော့်ကို ပြန်လွတ်လာလိမ့်မယ်လို့ ထင်ကြတယ်။ နောက်တချက်က ထောင် မချဘူးဆိုရင် လူငယ်ထိန်းသိမ်းရေးကျောင်းပေ့ါ။ အဲလောက်ထိပဲ လုပ်လိမ့်မယ်လို့ထင်ထားပေမယ့် ချလိုက်တယ်"

တချိန်တည်းမှာပင် မောင်ငြိမ်းအေးနှင့်အတူ ထောင်ကျခဲ့သည့် အသက်မပြည့်သူ ကလေးအကျဉ်းသား ရာနှင့်ချီရှိခဲ့သည်။ ၁၉၉၀ စစ်တပ်ကို သပိတ်မှောက်ကံဆောင်ခဲ့သောကြောင့် ကျောင်းတိုက်ကြီးတခုလုံး ဖမ်းဆီးခဲ့ရာ သာမဏေအပါး ၁၀၀ ခန့်ထောင်ကျခဲ့ကြောင်း သိရသည်။ အသက်မပြည့်ဘဲထောင်ထဲရောက်ခဲ့ရသူများ၏ အခက်အခဲကို ...

"ငယ်ရွယ်တဲ့အချိန်မှာတော့ မိဘနဲ့ခွဲရတဲ့ ခံစားမှုမျိုး၊ ၈ တန်း တက်နေဆဲအချိန်ဆိုတော့ သင်ကြားပေးခဲ့တဲ့ဆရာ/ဆရာမတွေနဲ့ သူငယ်တန်းကနေ ၈ တန်းအထိ အတူတက်ခဲ့တဲ့သူငယ်ချင်းတွေကို သတိရတာမျိုးတွေပေ့ါ။ ထောင်အာဏာပိုင်တွေရဲ့ လူမဆန်တဲ့ ဆက်ဆံရေးမျိုးတွေ။ အင်းစိန်ထောင်တိုက်ထဲမှာ ပထမဆုံးနေရတယ်။ အဆောင်ရောက်တဲ့အချိန်မှာ ကျနော်နဲ့သက်တူရွယ်တူ အထက်တန်း၊ အလယ်တန်းကျောင်းသားတွေနဲ့ အတူတူနေရတယ်"

ကလေးအကျဉ်းသားများကို သာယာဝတီထောင်သို့ ပြောင်းရွှေ့ပြီးနောက် သံချေကျင်းခတ်အလုပ်ခိုင်းစေခဲ့သည့်အတွက် အစာငတ်ခံဆန္ဒပြခဲ့ကြသည်ကိုလည်း ...

"သံချေကျင်းတွေကို အစပိုင်းက တယောက်စီခတ်တယ်။ နောက်ပိုင်း မနိုင်တဲ့အခါ နှစ်ယောက်တတွဲခတ်ပြီးတော့ သာယာဝတီထောင်ကိုပြောင်းတယ်။အလုပ်ခိုင်းတယ်။ ခိုင်းတဲ့အခါ အလုပ်မလုပ်ဘူး။ ဒီအလုပ်ကိုဆန့်ကျင့်လို့၊ အစာငတ်ခံဆန္ဒပြလို့ ၉၀ ကျော်

တိုက်ပိတ်ခြင်းကိုခံခဲ့ရတယ်။ရာဘာတုတ်တွေနဲ့ရိုက်ပြီး တိုက်ပိတ်တယ်။ အဲဒီအထဲမှာ ကျနော်အပါအဝင် မြို့နယ်အသီးသီးက လူငယ်ကျောင်းသား ၃၀ နီးပါးလောက် ရှိမယ်။ သူတို့ကလည်း ကိုးတန်း၊ဆယ်တန်း အရွယ်မျိုးတွေချည်းပဲ”

အသက်မပြည့်ဘဲ အဖမ်းခံခဲ့ရသူများမှာ ထောင်ထဲ၌ နှစ်ကြာလာသည်နှင့်အမျှ အသက်ကြီးလာခဲ့ပြီဖြစ်သော်လည်း ယခုထိ မလွတ်မြောက်သေးသူ ၃၀ ခန့် ရှိနေသေးသည်။ နအဖ က အသက်မပြည့်သူများကို ထောင်မချဘဲ ၄က်အော်စမ်း ထိန်းသိမ်းရေးစခန်းကို ပို့ခြင်းများလည်းရှိသည်။ မေ ၃၀ ဒီပဲယင်းအရေးအခင်းပါ မောင်ချမ်းသာကျော်၊ အသက် ၁၅ နှစ်ကို ၄က်အော်စမ်းစခန်းပို့ပစ်ခဲ့၍ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်လက်တက်ရောက်ခွင့်မရတော့ပေ။ အသက်မပြည့်ဘဲထောင်ကျခဲ့ရသူများ၏ အဓိကဆုံးရှုံးမှုမှာ ပညာရေးဖြစ်ပြီး ထောင်ကျကျောင်းသားများမှာ ပညာတတ်ချင်လွန်းသဖြင့် ထောင်အာဏာပိုင်များအလစ် စာခိုးသင်ကြပုံကို မောင်ငြိမ်းအေးက ယခုလိုပြောဆိုသည်။

“ထောင်ထဲမှာ ပညာသင်ကြားမှုအပိုင်းမှာ ခွင့်ပြုမိန့်မပေးဘူး။ အဲဒီတော့ ကိုယ့်ထက်တတ်တဲ့၊ နားလည်တဲ့လူကြီးတွေဆီကနေ ပြန်ပြီးလေ့လာတာတွေ၊ နံရံမှာ ထုံးသုတ်စာရေးပြီးတော့ သင်ရတဲ့အခါမျိုးတွေရှိတယ်။ ပြီးတော့ ပလက်စတစ်မှာစာရေးပြီး သိမ်းထားရတာမျိုးတွေ သင်ကြရတယ်”

အစသို့

## ဒီပဲယင်း အကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသူများ နအဖ အကျဉ်းထောင်များအတွင်း အများအပြားကျန်ရှိနေ

*၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး ဖမ်းဆီးခံခဲ့ရသူများ ရွှေဘိုထောင်၌ ယခုချိန်ထိကျန်ရှိနေဆဲဖြစ်ကြောင်း ပြီးခဲ့သည့်လက ရွှေဘိုထောင်မှ ပြန်လွတ်လာသည့် မန္တလေးတိုင်း၊ အမရပူရမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်က ယနေ့ ဒီဗွီဘီကို ပြောကြားခဲ့ သည်။

ဒီပဲယင်း အကြမ်းဖက်မှုအတွင်း အရိုက်ခံရသူ ၁၀ ဦးကိုသာ ပြန်လွှတ်ပေးခဲ့ပြီး မေ ၃၀ မတိုင်မီက ဖမ်းဆီးထားသည့် ဒီပဲယင်း လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်နှင့် အဖွဲ့ချုပ်ပါတီဝင်များ၊ ရွှေဘိုနှင့်ကသာမြို့က အဖွဲ့ချုပ်ဝင်အချို့နှင့် အားပေးသူများလည်း ကျန်ရှိနေဆဲဖြစ်သည်ဟု ဦးလှမြင့်က ပြောဆိုသည်။ ထို့ပြင် မေ ၃၀ နောက်ပိုင်း ဖမ်းဆီခံခဲ့ရသည့် ကျည်ရွာက ဦးပဥ္စင်း ၂ ပါးနှင့် ရွာသားများကိုလည်း ထောင် ၉ နှစ်နှင့် ၇ နှစ်စီ ချမှတ်ထားသောကြောင့်၎င်းတို့အားလုံး ရွှေဘိုထောင်၌ ကျန်ရှိနေသေးကြောင်းနှင့် ရွှေဘို၊ဒီပဲယင်းနှင့် ကျည်ရွာမှ ဖမ်းဆီးခံရသူများအကြောင်းကို ဦးလှမြင့်က ယခုလို စတင်ပြောကြားထားသည်။

“ဒီအရေးအခင်းနဲ့ပတ်သက်ပြီး လွှတ်ပေးတာ ၁၀ ယောက်ပါပဲ။ တချို့ပုဂ္ဂိုလ်တွေကလည်း ဒီပဲယင်းအဖြစ်ထက်စောတယ်။ တချို့ပုဂ္ဂိုလ်တွေကျတော့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အကြောင်းအမျိုးမျိုးနဲ့ဆွဲထည့်လိုက်တာလည်း ရှိပါတယ်။ နောက်ပြီးတော့ ရွှေဘိုက နှစ်ဦးမှာ စည်းအဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးတင်ဝင်းဆိုပြီးတော့လည်း ကျနော်တို့ကြားရပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးဆွဲလိုက်တဲ့ မိုးဆွေဦးဆိုတာလည်း အဲဒီမှာရှိနေပါတယ်။ ကိုမိုးဆွေဦးကကျနော်တို့နဲ့ဆိုရင် ထောင်ထဲဝင်ရတာ သိပ်မကွာဘူး။ကျနော်က ၉ ရက်နေ့မှရောက်တော့ ကျနော့်ထက်စောမယ်ထင်တယ်။ ကိုမိုးဆွေဦးက ၅ ခန်းမှာ အဲဒီမှာနေခဲ့ရတာ။ ကျနော်ရောက်ပြီး လေးငါးရက်လောက်နေမှ ထည့်လိုက်တဲ့ ဦးဇင်း ၂ ပါးရယ်၊ အရပ်သား ၄ ဦးရယ်။ သူတို့ကိုကျတော့ ၉ နှစ်နဲ့ ၃ လရယ်၊ ရွာသားဆိုပြီး အပြင်လူကျတော့ ၇ နှစ်ဆိုပြီး အပြစ်ဒဏ်ပေးလိုက်တယ်”

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဒီပဲယင်းကိုမရောက်မီ ဖမ်းဆီးခံခဲ့ရသည့် ဒီပဲယင်းမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ ဒုဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် မြို့နယ်စည်းရုံးရေးမှူး ဦးတင်လှိုင်တို့ ကျန်ရှိနေသေးကြောင်းကိုလည်း ဦးလှမြင့်ကယခုလို ဆက်လက်ပြောဆိုသည်။

“အဲဒီ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သူတို့က ကျနော်နဲ့ မျက်နှာချင်းဆိုင်မှာလေ။ အမှတ် ၁ အပေါ်ထပ်မှာနေတာ။ ကျနော်တို့ စရောက်တဲ့အခါအဲဒီပုဂ္ဂိုလ်တွေကနေ ကျနော်တို့ကို စားသောက်စရာလေးတွေ ကျနော်တို့ဆီပို့တယ်။ တချို့ပုဂ္ဂိုလ်တွေကျနော်တို့ ထောင်ထဲမှာနေရင်းနဲ့ကြားသိခဲ့ရတာတွေက ကသာဘက်မှာ ဖယောင်းတိုင်ပေးလိုက်လို့ဆွဲထည့်လိုက်တာ ၁ နှစ်။ အဲဒါ ဦးစောလှိုင်ရဲ့ယောက်ဖပါ။ ဒီပဲယင်းကိစ္စမဟုတ်ပဲနဲ့ ဒီအတိုင်းဆွဲထားတာတွေလည်း ရှိတယ်။ လေးဂွကိုင်တော့ ၂ နှစ်၊ ဓားကိုင်တဲ့လူက ၆ လဆိုတာတွေလည်း အဲဒီထဲမှာ ကြားခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းတခုလုံးအနေနဲ့က ထောင်ကလည်းများတယ်လေ။ မုံရွာမှာလည်းရှိတယ်။ကလေးမှာလည်း ရှိတယ်။ ရွှေဘိုမှာလည်းရှိတယ်။ အကုန်လုံးမှာဆိုရင်တော့ ကျနော် မခန့်မှန်းနိုင်ဘူးခင်ဗျ”

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ကလည်း ဒီပဲယင်းကိစ္စနှင့်ပတ်သက်ပြီး ဖမ်းဆီးထားသူ ၁၅၁ ဦးကို ပြန်လွှတ်ပေးကြောင်း နအဖ၏ပြောဆိုချက် မှားယွင်းသည်ဟု မနေ့က ထုတ်ပြန်ထားသည်။ စုစုပေါင်းဖမ်းဆီးထားသူဦးရေ ၂၃၀ ရှိပြီး ထိုအထဲ၌ မေ ၃၀ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ၁၀၁ ဦးနှင့် နောက်ပိုင်းနှင့် မတိုင်မီများတွင် ဖမ်းဆီးထားသူ ၁၃၉ ဦးရှိသည်ဟု ဆိုသည်။ထိုအထဲမှ ပြန်လွှတ်လာသူ ၁၀၆ ဦးသာ ရှိသေးသောကြောင့် စုစုပေါင်း ၁၉၇ ဦး အကျဉ်းထောင်များထဲတွင် ကျန်ရှိနေသေးသည်ဟုလည်း စာရင်းဇယားနှင့်တကွ NCGUB က ဖော်ပြထားသည်။

မေ ၃၀ အကြမ်းဖက်တိုက်ခိုက်မှု၌ ဓားစာခံဖြစ်ခဲ့ရသည့် ဒီပဲယင်းမြို့အနီးက ကျည်ရွာကို အာဏာပိုင်တို့က အဆက်မပြတ်ဖိအားပေးနေသောကြောင့်တရွာလုံးနီးပါး ထွက်ပြေးရှောင်တိမ်းနေရကြောင်းသိရသည်။ မေ ၃၀ ရက်နေ့ ညက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို ရွာလုံးကျွတ်ကြိုဆိုခဲ့သောကြောင့်ကျည်ရွာသား အများအပြား ရိုက်နှက်ခံခဲ့ရသည်။ထို့နောက် ဒဏ်ရာအပြင်းအထန်နှင့် ထွက်ပြေးကြရသည့် အဖွဲ့ချုပ်ဝင်များကို ကူညီမှု၊ ကြံ့ဖွံ့အဖွဲ့ကိုခဲပေါက်မှုများနှင့် ကျည်ရွာဘုန်းကြီးကျောင်းမှ ဦးပဥ္စင်းဦးဝိမလနှင့် ဦးဇဝနတို့အပါအဝင် ရွာသားအချို့ကိုလည်း ဖမ်းဆီးထောင်ချခဲ့သောကြောင့် မေ ၃၀ နောက်ပိုင်းကတည်းက ကျည်ရွာရှိ ယောကျ်ားအားလုံးနီးပါး ထွက်ပြေးခဲ့ရကြောင်း ဒေသခံများက ဒီဗွီဘီကို

ပြောဆိုသည်။ လစဉ် လကုန်ရက်ရောက်တိုင်းစစ်ကိုင်းတိုင်း တယကနှင့် မယက ဥက္ကဋ္ဌများကိုယ်တိုင်ဆင်းလာပြီး အမျိုးမျိုးဖိအားပေးနေသောကြောင့် ရွာပျက်လုနီးပါး ဖြစ်နေကြောင်း ကျီရွာသားများနှင့်တွေ့ဆုံခွင့်ရခဲ့သူတဦးက ဒီဗွီဘီကို ယခုလိုပြောပြခဲ့သည်။

"လကုန်တိုင်းကုန်တိုင်းမှာ ကျည်ရွာကို အမြဲတမ်း ဖိအားပေးတယ်။ ခြိမ်းခြောက်တာပေါ့ဗျာ။ ၃၀–၂၉–၂၈ ရက်နေ့တို့ အဲလို ရောက်တိုင်း ရောက်တိုင်းမှာ တိုင်းမှူးက ရောက်လာ၊ မယက က ကောင်တွေကရောက်လာ၊ လာပြီး ခြိမ်းခြောက်တယ်ပေါ့ဗျာ။'ခင်ဗျားတို့ရွာမှာ ယောကျ်ားသားတွေ ဘယ်နှစ်ယောက် ပြန်ဝင်လာပြီလဲ။ ဘယ်နှစ်ယောက်ပြန်ရောက်လာပြီလဲ။ ထွက်ပြေးနေတဲ့ကောင်တွေ အခု ရေရှည်ဘယ်လောက်ပြေးနိုင်မှာလဲ။ ပြန်ခေါ်ကြ' အဲဒါမျိုးတွေပြောတယ်။ ကျုပ်တို့ရွာမှာ ယောကျ်ားသားကိုမရှိသလောက်ဖြစ်သွားပြီတဲ့။ မိုးတွင်းကာလကုန်သာ သွားတယ်။ လယ်ယာထွန်ယက်တဲ့လုပ်ငန်းကိုကျုပ်တို့ရွာသားတွေ တယောက်မှ မလုပ်ခဲ့ရဘူးတဲ့။ရွာမှာရှိတဲ့ မိန်းမတွေချည်းပဲ အလုပ်လုပ်ကြရတာ။တယောက်စ နှစ်ယောက်စကတော့ ကျန်မှာပေါ့ဗျာ။သူတို့ပြောတာ ၉၀% လောက်ပေါ့။ အကုန်ထွက်ပြေးနေရတာ"

အာဏာပိုင်များဖိအားပေးခြင်းကို မခံနိုင်တော့၍ ကျည်ရွာရှိ မိသားစုများသည် နီးစပ်ရာဆွေမျိုးများထံ စတင်ပြောင်းရွှေ့နေပြီဟုလည်း သိရသည်။နောက်ပိုင်း၌ တရွာလုံး ပျက်စီးရတော့မည်ဟု ကျည်ရွာသားများက ဝမ်းနည်းပက်လက်ပြောဆိုနေကြောင်းလည်း အဆိုပါပုဂ္ဂိုလ်က ဒီဗွီဘီကို ထပ်ဆင့်ပြန်လည်ပြောကြားသွားခဲ့သည်။ အစသို့

## ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ခေါင်းဆောင် ၂ ဦးအား အင်းစိန်ထောင်သို့ ပို့လိုက်ကြောင်း သိရ

*၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ ဦးမောင်မောင်ဟိန်း (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ဇန်နဝါရီလကုန်ပိုင်းက ဖမ်းဆီးခံခဲ့ရသည့် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ချုပ်ခေါင်းဆောင်နှစ်ဦးဖြစ်သူ ဦးတင်မောင်ကြည်နှင့် ဦးမြင့်အေးတို့ကို နအဖ က အင်းစိန်ထောင်ကို ပို့လိုက်ပြီဟုသိရသည်။ ယခုလ ၅ ရက်နေ့ကလည်း ဦးတင်မောင်ကြည်၏နေအိမ်ကို စစ်ထောက်လှမ်းရေးများက ဝင်ရောက်ရှာဖွေပြီး ပစ္စည်းအချို့သိမ်းယူသွားကြောင်းလည်း သိရသည်။

ထိုသို့လာရောက်ရှာဖွေစစ်ဆေးသိမ်းဆည်းစဉ် မိသားစုများနှင့် တွေ့ခွင့်ရ မရ မေးမြန်းကြည့်ရာ အဖွဲ့ချုပ် လူငယ်တဦးက ...

"ဖေဖေါ်ဝါရီလ ၅ ရက်နေ့မှာ ဦးတင်မောင်ကြည်ရဲ့နေအိမ်ကို ဝင်ရောက်ရှာဖွေပြီးတော့ ကွန်ပြူတာ ၂ လုံး၊ ပရင်တာ ၁ လုံး၊ (သူက စာအုပ်တိုက်လုပ်ထားတာဗျာ။ စာပေထုတ်ဝေရေးလုပ်တာ။) လက်ရှိလုပ်နေတဲ့ စာအုပ်တွေရယ် ဓာတ်ပုံရိုက်ပြီး သိမ်းယူသွားတာ။ အဲဒီနေ့မှာပဲ ကိုမြင့်အေးကို ဖမ်းတုန်းက ပါသွားတဲ့ အဝတ်အစားတွေထဲက ရှပ်အင်္ကျီအဖြူ ကော်လံကတုံးနဲ့ ကချင်ပုဆိုးကို ကိုမြင့်အေးအိမ်ကို ပြန်ပို့လိုက်တယ်။ မဝတ်ရဘူးပေါ့ဗျာ။ သဘောကတော့ အဲဒီနေ့မှာ ထောင်ထဲပို့လိုက်တဲ့သဘောပေါ့။ ၅ ရက်နေ့ကပါ။ အင်းစိန်ရောက်သွားပြီ"

ဒီပဲယင်းအရေးအခင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် စွဲချက်တင်ထောင်ချခံထားခံခဲ့ရသူ NLD လူငယ် မောင်မောင်လေး၊ ကိုအောင်သိန်းနှင့် ကြည့်မြင်တိုင်မြို့နယ်က ကိုကျော်နိုင်ဦး တို့ကို အင်းစိန်ထောင် ၂ တိုက်၊ ၄ တိုက်၊ ၅ တိုက်မှခေါ်ထုတ်သွားခဲ့ပြီး စစ်ထောက်လှမ်းရေးက ထပ်မံစစ်ဆေးမှုများ ပြုလုပ်နေသည်။ အစသို့

## ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရန် ပြင်ဆင်နေချိန် ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ၆ ဦး ဖမ်းဆီးခံရ

*၁၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ မောင်မောင်ဟိန်း (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ယခုလ ၁၁ ရက်နေ့ည ၁၁ နာရီခန့် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရန်ပြင်ဆင်နေချိန် ဘိုကလေးမြို့နယ် NLD ဥက္ကဋ္ဌ ဦးအောင်ခင်ဘို အပါအဝင် မြို့နယ်စည်းရုံးရေးမှူး ၆ ဦးကို မြို့နယ်စစ်ထောက်လှမ်းရေးအမိန့်နှင့် မယက က ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများ၏အမည်ကို အဖွဲ့ချုပ်အဖွဲ့ဝင် အမျိုးသမီးတဦးက ယခုလိုပြောပြသည်။

"ဘိုကလေးမြို့နယ် ဥက္ကဋ္ဌ ဦးအောင်ခင်ဘို၊ ဦးအောင်ခင်၊ ဦးအောင်မြင့်၊ ကိုဝင်းနိုင်၊ ဒေါ်မိမိစိန်၊ ဒေါ်ခင်လေး"

ယနေ့နံနက် ၁၀ နာရီ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့ကြေညာချက်စာတမ်းကို ရန်ကုန်မှ ယူဆောင်လာသည့် ဦးခင်မောင်ချစ်ကို ထပ်မံဖမ်းဆီးလိုက်ပြီး မည်သည့်နေရာသို့ ဖမ်းဆီးသွားသည်ကို မသိရသေးသလို ဒေသခံများအဆိုအရ NLD အခမ်းအနားများတွင် လူထုအင်အားအပြည့်အဝပါဝင်နေသောကြောင့် အာဏာပိုင်များ ကြောက်လန့်နေပုံရကြောင်း ပြောဆိုနေကြသည်။

မေး ။ ။ ဘိုကလေးက အဖွဲ့ချုပ်ဝင်တွေကို ဘာကြောင့်ဖမ်းတာလဲ။

မောင်မောင်ဟိန်း ။ ။ ဒေသခံတွေရဲ့ ပြောပြချက်အရတော့ ဒီကနေ့ကျရောက်တဲ့ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပဖို့အတွက် ၁၁ ရက်နေ့မှာပဲ လူအင်အားတော်တော်များများနဲ့ ဝိုင်းဝန်းပြီးတော့ ကူညီနေကြတယ်၊ ဒေသခံပြည်သူတွေကလည်း လာရောက်ပြီးတော့ စုစည်းပြီး လုပ်အားပေးတာတို့ လုပ်နေကြတယ်။ အဲလို လူတွေတော်တော်အင်အားများပြီး ရုံးစုရုံးစုဖြစ်နေတဲ့အပေါ်မှာ အဖမ်းခံရတယ်လို့ပြောတယ်။

မေး ။ ။ ညပိုင်းမှာ ၆ ယောက်ဖမ်းလိုက်ပြီး နောက်နေ့မနက်ကျတော့ရော အခမ်းအနား ဆက်လုပ်ခွင့် ပေးတယ်တဲ့လား။

မောင်မောင်ဟိန်း ။ ။ အခမ်းအနား မလုပ်ရဘူးဆိုပြီးတော့ ဖမ်းသွားတဲ့ညက မပြောခဲ့ပါဘူး။ ဒါပေမယ့် မနက်ပိုင်းမှာ လူတွေကလည်း အများကြီးရောက်လာတယ်။ အဲဒီအပေါ်မှာစိုးရိမ်ပြီးတော့ နောက်ထပ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြေညာစာတမ်းယူပြီးပြန်လာတဲ့ ဦးခင်မောင်ချစ်ကို ထပ်မံဖမ်းဆီးတဲ့အချိန်မှာပဲ လူအင်အား တရာကျော်ရှိနေတဲ့အတွက် ဒီလူစုကိုခွဲဖို့ ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်က ဥက္ကဋ္ဌ ဦးအောင်ခင်ဘိုကို ခေါ်လာပြီး လူစုခွဲခိုင်းတာပါ။

မေး ။ ။ ဦးခင်မောင်ချစ်ကိုရော ဘယ်မှာဖမ်းလိုက်တာလဲ။ လမ်းမှာလား၊ ရန်ကုန်မှာတင် ဖမ်းတာလား။ ဘိုကလေးကိုရောက်မှ ဖမ်းတာလား။

မောင်မောင်ဟိန်း ။ ။ အခု ပြည်ထောင်စုနေ့ပွဲလုပ်မယ့် ဦးခင်မောင်ဘိုရဲ့နေအိမ်လည်း ဖြစ်တယ်၊ NLD ရုံးလည်းဖြစ်တယ်၊ အဲဒီအိမ်ကို အရောက်မှာ စောင့်ပြီး ဖမ်းလိုက်တာပါ။

မေး ။ ။ ဒါဆိုရင် ဘိုကလေးမြို့နယ်တင်အဖမ်းခံရတာ စုစုပေါင်း ၇ ဦးပေါ့။ နောက်ဆုံး ဘာသတင်း ထပ်ကြားရပါသေးလဲ။

မောင်မောင်ဟိန်း ။ ။ သူတို့ကို ဘယ်နေရာကို ဖမ်းဆီးသွားတယ်ဆိုတာတော့ မသိရသေးပါဘူး။ ခုချိန်ထိ နောက်ဆက်တွဲသတင်း ဘာမှ မကြားရသေးပါဘူး။

မေး ။ ။ ဟိုတလောက ဖမ်းသွားတဲ့ ကြည့်မြင်တိုင်က အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်အေးနဲ့ ဦးတင်မောင်ကြည်တို့ကို ပြန်လွှတ်ပေးလိုက်ပြီလို့ ကြားရပါတယ်။ အဲဒီကိစ္စရော ဘာ သတင်းရပါသေးလဲ။

မောင်မောင်ဟိန်း ။ ။ ၁၁ ရက်နေ့ နေ့လယ် ၁ နာရီမှာ ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အေးနဲ့ ဦးတင်မောင်ကြည်ကို အမျိုးသား ထောက်လှမ်းရေးက CEC ဦးသန်းထွန်းရဲ့နေအိမ်မှာ လာရောက်လွှတ်ပေးလိုက်တယ်လို့သိရပါတယ်။ အဖွဲ့ဝင်လူငယ်တွေရဲ့ပြောပြချက်အရ လူငယ်တော်တော်များများ ပတ်သက်ပြီးတော့ စစ်ဆေးတာဖြစ်ပါတယ်။ ကြည့်မြင်တိုင်မြို့နယ် လူငယ်တွေ ထုတ်ဝေတဲ့စာစောင်တွေကို ပုံနှိပ်တဲ့ အတွက် အဲဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးခြင်းဖြစ်တယ်လို့သိရပြီး စစ်ထောက်လှမ်းရေးကပြောတာတော့ ဒီပုံနှိပ်တဲ့ဟာက (၁၇/၂၀) နဲ့ ငြိစွန်းတယ်။ အရေးယူလို့ရတယ်ဆိုတဲ့အကြောင်းကိုပြောပါတယ်။ အစသို့

## ဘိုကလေးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် စည်းကော်မတီဝင်များပြန်လည်လွှတ်မြောက်

*၁၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ပြီးခဲ့သည့် ၅၇ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရန်ပြင်ဆင်နေစဉ် ဖမ်းဆီးခံရသည့် ဘိုကလေးမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘို အပါအဝင် စည်းရုံးရေးကော်မတီဝင်အားလုံးကို ၁၃ ရက်နေ့က ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ အစသို့

## သုရဦးတင်ဦးအား ကလေးထောင်မှ နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့ထိန်းသိမ်းထား

*၁၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ဒီပဲယင်းအရေးအခင်းပြီးကတည်းက ကလေးမြို့အကျဉ်းထောင်၌ ဖမ်းဆီးခြင်းခံနေရသူ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကို နအဖ က မနေ့က ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ သို့သော်လည်း အပြီးလွှတ်ပေးခြင်း မဟုတ်ဘဲ ရန်ကုန်နေအိမ်ကို ပို့ပြီးအကျယ်ချုပ်ချထားခြင်းဖြစ်ကြောင်း နအဖ အရာရှိတဦးက သတင်းဌာနများကို ပြောဆိုသည်။

ဦးတင်ဦးကို ကလေးထောင်မှ လေယာဉ်ဖြင့်ခေါ်ဆောင်လာခြင်းဖြစ်ပြီး ယခု နေအိမ်၌ ကျန်းကျန်းမာမာရှိနေကြောင်း အမည်မဖော်လိုသည့် နအဖ အရာရှိက ပြောဆိုသည်။ သို့သော် နေအိမ်ဝန်းကျင်၌ လုံခြုံရေးအစောင့်များရှိနေပြီး တယ်လီဖုန်းလိုင်းကိုလည်း ဖြတ်တောက်ထားဆဲဖြစ်သည်။ အသက် ၇၇ နှစ်ရှိ ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီးသုရတင်ဦးသည် အကျဉ်းထောင်အတွင်း ၉ လနီးပါးကြာနေထိုင်ခဲ့ရ၍ အလွှန်ပိန်ကျသွားကြောင်း၊ သို့သော်လည်း စိတ်ဓာတ်ရေးရာအရမူ အားတက်နေဆဲဖြစ်ကြောင်းသိရသည်။ ဦးတင်ဦး အပါအဝင် အကျယ်ချုပ်ကျခံနေရသည့်ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေနှင့် ဦးလွင်တို့ ၄ ဦးကို အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့ချုပ်က အဆက်မပြတ် တောင်းဆိုပြီး နောက် ဦးတင်ဦးကို ယခုလို နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့ပေးလိုက်ခြင်းဖြစ်ကြောင်းသိရှိရသည်။

ထိုသတင်းနှင့်ပတ်သက်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုးမြင့်ကို ဒီဗွီဘီကဆက်သွယ်မေးမြန်းခဲ့ရာ ယခုလို ရှင်းပြသည်။

"ဒီသတင်းကို ဘာဘတို့သိရတာက သတင်းဌာနတွေကနေ သိတာ။ အဲဒီ သတင်းဌာနကို၊ သူတို့ကိုမေးရတာ၊ ဟုတ်တယ်တဲ့။ ဦးသန်းထွန်း ကလည်း သူတို့နားမှာရှိတဲ့ ထောက်လှမ်းရေးကို ခေါ်မေးတော့ မနေ့က ၆ နာရီက လွှတ်တယ်လို့ပြောတယ်။ သတင်းကတော့ တူနေတယ်။ ချက်ချင်းကြီး လုပ်စရာရှိတာ ဘယ်လိုလုပ် လုပ်မလဲ။ House arrest ဆိုရင်တော့ တွေ့ခွင့် မရဘူး။ ထုံးစံလည်း မရှိဘူး။ အဖွဲ့ကလူတွေ သွားဆက်ဆံရင် လက်ခံမယ် မထင်ဘူး။ ဘာဘတို့တွန်းကလည်း အဲဒီ အတိုင်းပဲ"

မေး ။ ။ ဘာဘဦးတင်ဦးကို ထောင်ကနေ နေအိမ်အကျယ်ချုပ် ပြောင်းထားတဲ့အပေါ်မှာ ထူးခြားတဲ့ပြောင်းလဲမှုတခုလို့ မြင်ပါသလား။

ဦးစိုးမြင့် ။ ။ အိမ်ပို့လိုက်တော့ ဦးတင်ဦးအတွက် အဆင်ပြေသွားတာပေါ့။ သူ့အတွက် အားလုံးပူနေရတာပဲ။ သောကတခုတော့ လျော့သွားတာပေါ့။ ကျန်တဲ့လူတွေ လွှတ်ပေးဖို့ပေါ့။ ဦးအောင်ရွှေရယ်၊ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ ဦးတင်ဦး၊ ဦးလွင်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့။

ဂျပန်နိုင်ငံ၌ရောက်ရှိနေသည့် ဦးတင်ဦး၏သား ကိုသန့်ဇင်ဦးကမူ ဖခင်ဖြစ်သူအား ထောင်မှအိမ်ပြန်ပို့လိုက်သည့်အပေါ် ဝမ်းသာသော်လည်း နေအိမ်အကျယ်ချုပ် ကျခံနေရသူများနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးသင့်ကြောင်း ယခုလိုပြောကြားသွားခဲ့သည်။

"ကျနော်သိရသလောက်ကတော့ ကျန်းမာရေး ကောင်းမွန်တယ်၊ ပိန်သွားတယ်ဆိုတာလောက်ပဲ သိရပါတယ်။ အများကြီးဝမ်းသာပါတယ်။ အရင် ကျနော်ပြောခဲ့သလိုပဲအဖေ့အနေနဲ့ အသက်အရွယ်လည်း ကြီးပြီဖြစ်တယ်၊ ဝေးရပ်မှာ တယောက်ထဲနေရတယ်ဆိုတော့ အိမ်မှာ မိသားစုနဲ့ ပြန်ရောက်တာတော့ အများကြီးကောင်းမွန်တယ်လို့ယုံကြည်တဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကျနော်လိုချင်တာက ကျနော့်ဖခင်တဦး တည်း မဟုတ်ပါဘူး။ နေအိမ် အကျယ်ချုပ်ခံနေရတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေရော၊ ထောင်ထဲမှာ ဆက်လက်အကျဉ်းကျခံနေရတဲ့ အဖွဲ့အစည်း အသီးသီးက နိုင်ငံရေးလုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးတာကို လိုချင်ပါတယ်"

ဖခင်ဖြစ်သူ နေအိမ်ပြန်ရောက်ပြီဆိုသော်လည်း ပုံမှန်ဆက်သွယ်နေသည့် မိသားစုဝင်တဦး၏တယ်လီဖုန်းကို ပြီးခဲ့သည့် ၂ ရက်ခန့်က အာဏာပိုင်တို့ ဖြတ်တောက်လိုက်၍ သတင်း အသေးစိတ်မသိရသေးဟုလည်း ကိုသန့်ဇင်ဦးက ဖြည့်စွက်ပြောကြားခဲ့သည်။ အစသို့

## အဖွဲ့ချုပ်ဝင်များနှင့် အားပေးကူညီသူများ နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံနေရ

*၁၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၃*

အဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်များ အကျယ်ချုပ်ကျခံနေရသလို မြို့နယ်အသီးသီးက အဖွဲ့ဝင်များ၊ ထောက်ခံအားပေးသူများလည်း နှစ်ရှည် ထောင်ဒဏ်ချမှတ်ခံနေရကြောင်းသိရသည်။ ထိုအထဲတွင် မုံရွာမြို့မှ ၁၅ ဦးပါဝင်သည်ဟု မုံရွာလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်က ယခုလို ရှင်းပြထားသည်။

"အားလုံးပေါင်း ၁၅ ယောက်ရှိတယ်ဗျ။ ကိုမင်းနိုင် (မုံရွာ လူငယ်အဖွဲ့ဝင်) က Press act ရယ်၊ ၅ (ည) (Emergency provision act) ရယ် အဲဒီနှစ်ခုပေါင်းပြီးတော့ ထောင်ဒဏ် ၁၄ နှစ် ကျခံရတာ။ နောက်တယောက်က သူနဲ့ ညီအကိုတဝမ်းကွဲ ကိုယု။ သူလည်းပဲ ဒီပဲယင်းနဲ့ ပတ်သက် တဲ့ စာရွက်စာတမ်းဝေဖို့ ကြိုးစားတယ်ဆိုပြီး ၇ နှစ်။ နောက် ကိုယုရဲ့အမေ ဒေါ်တူး။ ကိုယုကို ကူညီတယ်၊ အားပေးတယ်ဆိုပြီး ထောင် ၂ နှစ်ချ တယ်။ နောက်နှစ်ယောက်က ကိုအောင်နဲ့ ဦးချိန်း။ အဲဒီနှစ်ယောက်က ၃ နှစ်စီ။ ကျန်တဲ့တယောက်ကတော့ ချမ်းသာကျော်တဲ့။ သူက လူငယ် လေးဗျ။ အသက် ၁၆ နှစ်တောင် မပြည့်သေးဘူး။ သူ့ကို ၁၈ နှစ်ပြည့်သည်အထိ နေရမယ်တဲ့။ ငှက်အော်စမ်း (လူငယ်လေ့ကျင့်ရေးစခန်း) ရန်ကုန် တိုင်းကို အပို့ခံရတယ်"

ထို့ပြင် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခံထားရသည့် အခြား ၉ ဦး၏ အမည်နှင့်နေရပ်များကိုလည်း ဦးစောအောင်က ဆက်လက်ပြောဆို သည်။

"ကျန်တဲ့ ၉ ယောက်က အားလုံး ၁၀ နှစ်စီပဲ။ တန်းစီပြီးပြောရင် ... ကိုဉာဏ်ဝင်းထွန်း (မုံရွာ၊ ဒေါနခြံရပ်)၊ ကိုထက်အောင် (မုံရွာ၊ အောင် မင်္ဂလာရပ်)၊ ကိုရဲထွင်၄ (ခေါ် ) ကိုထွန်းကြီး (မုံရွာ၊ ဖုန်းဆိုးရပ်)၊ ကိုချမ်းငြိမ်းအောင် (မုံရွာ၊ ရန်ကင်းရပ်)၊ ကိုကုဋေရိုး (မုံရွာ၊ သလ္လာရပ်)၊ ချမ်းမြေ့ အောင် (မုံရွာ၊ ဘုရားကြီးရပ်)၊ ကိုမျိုးသန့် (သို့) ကိုဝိတ္တား၊ ကိုပေါက်တူး (ခေါ် ) ကိုအောင်သန်းဝင်း(မုံရွာ၊ အလုံရပ်)၊ ကိုထွန်းဇော် (မုံရွာ၊ အလုံရပ်)။ ၁၀ နှစ်သမား တအုပ်စုတည်း ၉ ယောက်။ အားလုံးပေါင်း ၁၅ ယောက်တိတိဟာ အခုထိ ထောင်ထဲမှာ မလွတ်သေးဘူးဗျ"

ဒီပဲယင်း၊ ရေဦး စသည့်ဒေသများနှင့် မန္တလေးတိုင်းအတွင်း အလားတူ ဖမ်းဆီးခံရပြီး ထောင်ဒဏ်နှစ်ရှည်ကျခံရသူ တရာကျော်ရှိသေး ကြောင်းလည်း သိရသည်။ သို့သော် နအဖဘက်မှ ဖမ်းထားသူအားလုံး ၁၅၁ ဦးသာရှိပြီး ၎င်းတို့အားလုံးကို လွှတ်ပေးလိုက်ပြီ ဟုပြောဆိုထား ကြောင်း သိရှိရသည်။ အစသို့

## "သေနတ်တွေကြားထဲမှာ ဥပဒေဟာ အိပ်ပျော်နေတယ် "
## ဦးတင်ဦးအား ဖမ်းဆီးထားခြင်းသည် ဥပဒေကြောင်းအရ ညီညွတ်မှု မရှိ

*၁၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၃*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို ကလေးအကျဉ်းထောင်မှ ရန်ကုန်နေအိမ်သို့ ပြန်ပို့လိုက်သော်လည်း ယခုချိန်ထိ မည်သူနှင့်မှ တွေ့ခွင့်မပေးသေးကြောင်းသိရသည်။ နေအိမ်ရှေ့ ၌လည်း လက်နက်ကိုင်လုံခြုံရေးများစောင့်ကြပ်နေပြီး တယ်လီဖုန်းလိုင်းကိုလည်း ဖြတ်တောက် ထားဆဲဖြစ်သည်။

အကျယ်ချုပ်မှ ပြီးခဲ့သည့်လအတွင်း လွတ်မြောက်လာခဲ့သူ အဖွဲ့ချုပ်ခေါင်းဆောင် ၅ ဦးကဦးတင်ဦး အပါအဝင် ဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးလွင်တို့ ၄ ဦးလုံး အကျယ်ချုပ်မှ လွတ်မြောက်လာအောင် ၎င်းတို့အနေဖြင့် ဆက်လက်ကြိုးစားသွားမည်ဟု မနေ့က ပြောကြားခဲ့သည်။ သို့သော်လည်း အဖွဲ့ချုပ် ဥပဒေထောက်အကူပြုအဖွဲ့မှသင်္ဃန်းကျွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဦးတင်ဦးသည် တရားခံမဟုတ်ဘဲ တရားလိုသာဖြစ်၍ ယခုဖမ်းဆီးထားမှုသည် ဥပဒေကြောင်းအရ ညီညွတ်မှုမရှိကြောင်း ယခုလို ထောက်ပြထား သည်။

"ဦးတင်ဦးက ဒီပဲယင်းမှာ သူကိုယ်တိုင် မြင်ခဲ့၊ တွေ့ခဲ့၊ ခံခဲ့ရတဲ့ပုဂ္ဂိုလ်ဆိုတော့ တရားလိုပဲ။ သူ့ရဲ့ပိုင်ခွင့်၊ သူ့အဖွဲ့အစည်းရဲ့ပိုင်ခွင့်ကို အခုလို လုသေတဲ့အထိ ဖြစ်ခဲ့တာရဲ့ အကြမ်းဖက်မှုကြီးကို ရင်ဆိုင်ရတဲ့လူပဲ။ ဦးတင်ဦးဟာ တရားခံ မဟုတ်တော့ သူ့ကို ကလေးထောင်ထဲမှာရော၊ အိမ် မှာရော (အကျဉ်းချုပ်၊ အကျယ်ချုပ်) ၉ လတိတိ ထားတယ်ဆိုတာကတော့ တရားဥပဒေရှုထောင့်က ကြည့်တဲ့အခါ အင်မတန်မှ အရုပ်ဆိုး ပါတယ်"

အကျယ်ချုပ်ချထားမှုအပေါ် အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့က မည်သို့အရေးယူပေးနိုင်မည်ကို မေးမြန်းရာ ဦးသိန်းညွန့်က ယခုလို ဖြေကြားခဲ့သည်။

"ဦးအောင်ရွှေ၊ ဦးလွင်၊ ဒေါ်အောင်ဆန်းစုကြည်ကို ဘာ ပုဒ်မနဲ့ သူတို့ကိုထိမ်းချုပ်ထားတယ်ဆိုတာ တိုင်းပြည်ကို အတိအလင်းမကြေညာတော့ မသိဘူးလေ။ တည်ဆဲဥပဒေအရ ထောင် ၇ နှစ်အထိ ချနိုင်တဲ့ပုဒ်မဆိုရင် ၁၄ ရက်တိတိ ဖမ်းချုပ်နိုင်တယ်။ ၇ နှစ်အထက်ဆိုရင် ၂၈ ရက်တိတိ (တလပေါ့ဗျာ) ထိ ဖမ်းချုပ်နိုင်တယ်။ အဲလို ပုဒ်မတခုခုနဲ့ မဟုတ်ဘဲနဲ့ ကျနော်တို့ မသိရတဲ့၊ ရုံး မတင်ဘဲနဲ့ တလကျော် ဖမ်းဆီးထားတယ်လိုရင်တော့ (ပုဒ်မ မသိဘူးဆိုရင်) မတရားချုပ်နှောင်မှုလို့ပဲ ပြောရမှာပေါ့။ အဲတော့ မတရားချုပ်နှောင်မှုကို ဘယ်လို လုပ်ရမလဲဆိုတာ ဥပဒေမှာ ပြဋ္ဌာန်းထားတာရှိတာပဲ။ ဒါပေမယ့် ဥပဒေ ကိစ္စတွေက တခါတခါကျတော့ နိုင်ငံရေးမိုးလေဝသအောက်မှာ ပုံစံတမျိုးဖြစ်သွားတာတွေလည်း ကျနော်တို့ အများကြီးကြုံတွေ့ခဲ့ရတာပဲ။ တခါတခါမဟုတ်ဘူး။ အခုကျနော်တို့ ကြုံတွေ့နေရတာက 'သေနတ်တွေကြားထဲမှာ ဥပဒေဟာ အိပ်ပျော်နေတယ်' လို့ ကျနော်ပြောခဲ့ဖူးတာပဲ"

အစသို့

## ရန်ကုန်တိုင်း စည်း ကော်မတီဝင် ဦးသိန်းတင် (ခ) တင်သိန်းမောင် ကွယ်လွန်ခြင်း ၆ နှစ်ပြည့် ကျင်းပ

*၁၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

ရန်ကုန်တိုင်း၊ အဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင် ဦးသိန်းတင် (ခေါ် ) စာရေးဆရာ တင်သိန်းမောင် ကွယ်လွန်ခြင်း ၆ နှစ်ပြည့် နှစ်လည်ဆွမ်းကျွေး အခမ်းအနားကို ယနေ့ တောင်ဥက္ကလာပမြို့နယ်ရှိနေအိမ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို အဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်ဝင်များ၊ ဦးသိန်းတင်၏ လုပ်ဖော်ကိုင်ဖက်များ စုစုပေါင်း ၁၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတက်ရောက်လာသူများကို ဦးသိန်းတင်၏ ကိုယ်ရေးရာဇဝင် ဖြန့်ဝေပေးခဲ့ကြောင်းလည်း သိရသည်။

ဦးသိန်းတင်သည် အဖွဲ့ချုပ် တာဝန်များကို တက်တက်ကြွကြွထမ်းဆောင်ခဲ့သူဖြစ်ပြီး နအဖ ၏မုန်းတီးမှုကို ခံခဲ့ရသူတဦးဖြစ်သည်။ ဦးသိန်းတင် ကို ၁၉၉၀ ခုနှစ်၌ နဝတ က ပထမအကြိမ် ဖမ်းဆီးခဲ့ပြီး ၁၉၉၆ ခုနှစ်ထဲတွင် ဒုတိယအကြိမ် ဖမ်းဆီးခဲ့သည်။ ပုဒ်မ ၁၀ (က) နှင့် အင်းစိန်ထောင်အတွင်း၌ မတရားဖမ်းဆီးချုပ်နှောင်ခံခဲ့ရာ ထောင်တွင်း ဆေးဝါးကုသရေးညံ့ဖျင်းမှု၊ စစ်ထောက်လှမ်းရေးများ၏ စိတ်ပိုင်း/ရုပ်ပိုင်း ညှဉ်းပမ်းနှိပ်စက်မှုများကြောင့် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က အသည်းကင်ဆာဖြင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

အစသို့

## ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသန်းငြိမ်း အင်းစိန်ထောင်ဆေးရုံ၌ ကျန်းမာရေးဆိုးရွားနေ

*၁၉ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

အင်းစိန်ထောင်ဆေးရုံ၌ ကုသနေရသော ကျောက်တန်းမြို့နယ် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာနေကြောင်း သိရသည်။ ဒေါက်တာသန်းငြိမ်းသည် အသည်းဝေဒနာနှင့် အကြောရောဂါများခံစားနေရပြီး အခြား သွေးတိုးနှင့်နှလုံးရောဂါကိုလည်း ခံစားနေရကြောင်း သိရသည်။ ခင်ပွန်းသည်၏ လက်ရှိကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်အေးက ယခုလိုပြောဆိုသည်။

"နောက်ဆုံးအခြေအနေကတော့ အခုအသည်းမာတာလည်း အသည်းဌာနမှာ တလ တခါပြရပါတယ်။ ပြီးခဲ့တဲ့ နှစ်လကတော့ အကြောဌာနမှာ တလကို နှစ်ခါပြရပါတယ်။ (၁၅ ရက် တခါပေါ့လေ) အခုတော့ တလကို တခါပဲ ချိန်းလိုက်ပါတယ်။ လေ့ကျင့်ခန်းက နေ့တိုင်းလာမလုပ်နိုင်တဲ့အတွက် လေ့ကျင့်ခန်းမလုပ်ဘဲ ဆေးတွေပဲ ဖိသောက်ရတဲ့အတွက် ရောဂါက ပိုကြာတာပေါ့။ သွေးတိုး၊ နှလုံး၊ ဆီးကြိတ်၊ အသည်းမာတာ၊ အကြောတွေမကောင်းတာပေါ့။ ရောဂါပေါင်းက စုံနေပြီလေ။ စိုးရိမ်တာပေါ့။ သွားတုန်းကဘာရောဂါမှမရှိဘူး။ အန်တီနဲ့လက်ထပ်ပြီးတော့ နှစ်ပေါင်း ဒီလောက်ကြာနေပြီ။ ဆေးထိုးရတယ် ဆေးသောက်ရတယ်ဆိုတာ ရှိမှ မရှိပဲ။ အခုထောင်ထဲရောက်တော့မှ တမျိုးပြီးတမျိုး ရောဂါက ပေါင်းစုံ။ လူတကိုယ်လုံး အကောင်းကိုမရှိတော့ဘူး"

ယခုလို ကျန်းမာရေးဆိုးရွားနေချိန်၌ သက်ဆိုင်ရာအာဏာပိုင်များဘက်က မည်သို့သောဆေးဝါးကုသမှုများ စီစဉ်ပေးကြောင်းမေးမြန်းရာ ...

"သူတို့က တလတခါ လာပြပေးရမယ်ဆိုတော့ ပြပေးတာပဲရှိတာပဲလေ။ ဆရာဝန်နဲ့တွေ့ပြီး ဆရာဝန်က ဒီဆေးသောက်ရမယ်ဆို သောက်တာပဲ ရှိတာပေါ့။ အကြောဆိုတာက လေ့ကျင့်ခန်းတွေ လုပ်ရမှာလေ။ အခု မလုပ်ရတော့ ရောဂါက ပျောက်သင့်သလောက် မပျောက်ဘူး"

ယခုလို ကျန်းမာရေးဆိုးရွားနေသည့်ကိစ္စ ICRC နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို အကြောင်းကြားခြင်း ရှိ မရှိ ဆက်လက်မေးမြန်းရာ၌ ...

"သူတို့လည်း သွားတွေ့တာပဲလေ။ အန်ကယ် (ဒေါက်တာသန်းငြိမ်း) နဲ့လည်း တွေ့တာပဲ။ တွေ့ပြီးဖြစ်တာတွေကို ပြောပြတာတွေလည်း သူတို့သိနေတာပဲလေ။ သူတို့လည်း လုပ်ပေးလို့ မရလို့ပေါ့"

ဒေါက်တာသန်းငြိမ်းအနေဖြင့် ပုံမှန်လွှတ်ရက်ရောက်နေပြီဖြစ်သော်လည်း ပြန်လွှတ် မပေးသေးသည့်အပေါ် မည်သို့ခံစားရကြောင်း မေးမြန်းရာ ...

"အန်တီတို့ကတော့ လွှတ်စေချင်တာပေါ့လေ။ ရောဂါကလည်း ပေါင်းစုံဖြစ်နေတာကိုး။ ဒါပေမယ့် ၁၀ (က) နဲ့ ပြန်ဆွဲထားတဲ့လူတွေက နည်းမှ မနည်းတာ။ ဆယ်ဂဏန်းပဲ။ အဲတော့ သိပ်တော့ပြောလို့ မရဘူးပေါ့လေ။ အန်တီတို့ကတော့ ခံစားရတာပေါ့။ ရောဂါတွေက ဒီလောက်စုံနေတော့ အိမ်မှာဆိုရင် ဘယ်လိုနေရမယ်၊ စားရမယ်၊ ဆေးဝါး ဘယ်လိုမှီဝဲရမယ်ဆိုတာတွေက အားလုံးသိကြတာပဲလေ။ ဒီနေ့ဆိုရင် ၆ နှစ်၊ ၃ လနဲ့ ၂၀ ရက်ရှိပါပြီ။ တွက်တတ်တဲ့လူတွေပြောတာကတော့ တွက်ရင်လွှတ်ပြီလို့ပြောတာပဲလေ"

အဖွဲ့ချုပ် တိုင်းစည်းရုံးရေးအဖွဲ့ဝင် ဦးသိန်းတင်နှင့် အဖွဲ့ချုပ်ပြည်သူ့ကိုယ်စားလှယ် ဦးကျော်မင်း တို့ဆိုလျှင်လည်း ထောင်တွင်း ဆေးဝါးကုသမှုညံ့ဖျင်းသောကြောင့် အသည်းမှာ ဝေဒနာနှင့်ပင် ထောင်တွင်း၌ ဆုံးပါးခဲ့ရခြင်းဖြစ်သည်။ ယခုလို အသည်းဝေဒနာခံစားနေရသည့် ခင်ပွန်းသည်နှင့်ပတ်သက်၍ အဆိုးဆုံးကိုရင်ဆိုင်ရန် ပြင်ဆင်ထားပြီးဖြစ်သည်ဟုလည်း ဒေါ်ခင်အေးက ယခုလိုပြောဆိုခဲ့သည်။

"ဦးကျော်မင်းနဲ့ ဦးသိန်းတင်က အပြင်မှာလည်း အတွဲညီတယ်လေ။ သွားကြလာကြ အလုပ်လုပ်ကြ။ အမှုတွဲလည်း တခုတည်းပေါ့။ ဖြစ်တာကလည်းအသည်းချင်း အတူတူပဲ။ အဲတော့ အန်တီကပြောတယ် အဲဒီ နှစ်ယောက်ဆီကိုတော့ မပျက်မကွက်သွားရမယ်။ ဘာလို့လဲဆိုတော့ အသည်းချင်းတူလို့။ သူငယ်ချင်းတွေပဲလို့တောင် နောက်လိုက်သေးတယ်။ ဦးကျော်မင်းဆိုလည်း အန်တီမျက်စိရှေ့တင် ဆုံးသွားတာလေ။ အသည်းဌာနမှာ။ သူတို့ရဲ့ခံစားချက်တွေ၊ သူတို့ရဲ့အခြေအနေပေါ်မူတည်ပြီး အန်တီက ကိုယ်တိုင်လည်းမြင်ရတယ်။ အင်မတန် ရင်းနှီးတဲ့လူတွေလည်းဖြစ်နေတယ်။ ကိုယ့်မျက်စိရှေ့မှာဆုံးသွားတယ်ဆိုတော့ အသည်းဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိတယ်လေ။ အိမ်မှာ တော်တော်များများ အချိန်ပြည့်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်များ တခုခုဖြစ်လို့ အန်တီကိုလာရှာမယ်ဆိုရင် အချိန်မရွေးရှိအောင်လို့ပေါ့"

အလားတူပင် အင်းစိန်ထောင်ဆေးရုံ၌ ရှိနေသည့် ဒီမိုကရေစီပါတီက ဦးသုဝေနှင့် ဦးထွေးမြင့်တို့၏ ကျန်းမာရေးအခြေအနေလည်း စိုးရိမ်ရသည့်အနေအထားတွင်ရှိနေကြောင်း မိသားစုဝင်များထံမှတဆင့် သိရှိရသည်။ အစသို့

## အမျိုးသားညီလာခံကို ကန့်ကွက်ကြောင်း စာရွက်စာတမ်းဖြန့်ဝေသူ ကျောင်းသား ၆ ဦးအား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်

*၂၁ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ မောင်မောင်ဝင်း (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

နအဖ၏ Road Map အစီအစဉ်နှင့် အမျိုးသားညီလာခံကိုကန့်ကွက်ကြောင်း စာရွက်စာတမ်း ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံထားရသည့် ကျောင်းသား ၆ ဦးကို အာဏာပိုင်တို့က နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်ကြောင်း သိရသည်။ မနေ့ကပြုလုပ်သည့် ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင်တရားရုံး ကြားနာစစ်ဆေးမှုအတွင်း ယခုလိုအမိန့်ချလိုက်ခြင်းဖြစ်ပြီး အများဆုံးအပြစ်ဒဏ်မှာ ၁၇ နှစ် ဖြစ်သည်။ဥပဒေအရာရှိ ဦးလှိုင်မြင့်နှင့် တရားသူကြီး ဒေါ်ပိုက်ပိုက်ဝင်းက ပုဒ်မ ၆၊ ၅ (ည)၊ ၁၇ (၁)၊ ၁၃ (၁)၊ ၁၃ (၅) တို့ဖြင့် တရားစွဲဆို အမိန့်ချမှတ်ခဲ့ရာ ကိုနန္ဒာစစ်အောင် ထောင်ဒဏ် ၁၇ နှစ်၊ ကိုဇော်လင်းထွန်း ထောင်ဒဏ် ၁၇ နှစ်၊ ကိုကျော်စိုးမိုး ထောင်ဒဏ် ၁၂ နှစ်၊ ကိုလွင်ကိုလတ် ထောင်ဒဏ် ၇ နှစ်၊ ကိုကျော်ကျော် ထောင်ဒဏ် ၇ နှစ်၊ ကိုဟံဝင်းအောင် ထောင်ဒဏ် ၇ နှစ်တို့ ဖြစ်ကြသည်။

နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရသောကြောင့် မွေးခါစ ကလေးတယောက်နှင့် ဒုက္ခရောက်ကျန်ရစ်ခဲ့သူ ကိုကျော်စိုးမိုး၏ဇနီး မမြင့်အေးက ယခုလို ပြောဆိုသည်။

"ဖမ်းသွားတာ ၉ လပိုင်း ၂၆ ရက်နေ့က။ သူတို့ဖမ်းတာ စာရွက်စာတမ်းလေးတွေရရင် သုံးလေးရက်နေရင် ပြန်လွှတ်ပေးမယ်ပေါ့။ ဒီစာရွက်က အဓိကပဲ၊ ဒီစာရွက်ရရင် မဖမ်းပါဘူးဆိုပြီးတော့ အဲလိုမျိုးပြောပြီး ခေါ်သွားတာပဲ။ တမှုကတော့ ၅ (ည) နဲ့ ဆွဲထားတာပေါ့။ နောက်အခုကျတော့ ကျောင်းသားအဖွဲ့အစည်းဆိုပြီး ဆွဲထားတယ်။ ၆ (က) နဲ့ ၅ (ည) ဆိုပြီး နှစ်ခုတပ် ဆွဲထားတာ။ အဲတုန်းက ကျမက ကိုယ်ဝန် ၆ လ။ အခုတော့ မွေးပြီးလို့ ကလေးကတလလွဲကျော်သွားပြီ။ အိမ်က စီးပွားရေးကလည်း အဆင်ပြေတာ မဟုတ်ဘူးလေ။ သူဖြစ်သွားမှတော့ ဘာမှမတတ်နိုင်ဘူးလေ။ သားအမိနှစ်ယောက်ကတော့ ကိုယ့်ဟာကိုယ် ဒီလိုပဲ ရှာစားရမှာပေါ့" အစသို့

## လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်နှင့် မြို့နယ်စည်းရုံးရေးမှူး ဦးဉာဏ်သောင်း အင်းစိန်ထောင်ဆေးရုံ၌ ကျန်းမာရေးဆိုးရွားနေ

*၂၁ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

အင်းစိန်ထောင်၌ အကျဉ်းကျခံနေရသည့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်နှင့် မြို့နယ်စည်းရုံးရေးမှူး ဦးဉာဏ်သောင်းတို့၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာနေကြောင်း သိရသည်။

ဦးဉာဏ်သောင်းမှာ အာဏာပိုင်တို့ ဖမ်းဆီးသွားစဉ်က ကျန်းမာရေးကောင်းမွန်ပြီး မည်သည့်ရောဂါမှ မရှိဘဲ ထောင်တွင်းရောက်မှ ရောဂါမျိုးစုံခံစားနေရခြင်းဖြစ်သည်ဟု သမီးဖြစ်သူ မိုးမိုးစုကြည်က ဒီဗွီဘီကို ပြောဆိုသည်။ ယခုဆိုလျှင် ကျန်းမာရေးဆိုးရွားလာနေသည့်အတွက် အင်းစိန်ထောင်ဆေးရုံ၌တင်ထားရပြီး ဂျပန်ဆေးရုံကြီးသို့ တလတခါ ပြသနေရကြောင်းလည်းသိရသည်။ ဦးဉာဏ်သောင်းခံစားနေရသည့် ရောဂါများနှင့် လက်ရှိအခြေအနေအကြောင်း မိုးမိုးစုကြည်က ယခုလိုပြောဆိုခဲ့သည်။

"ဖေဖေက အင်းစိန်ထောင်ဆေးရုံမှာ တင်ထားတယ်။ နှလုံးသွေးကြောကျဉ်းရှိတယ်။ ဆီးချိုသွေးချိုရှိတယ်။ အခုတခါ ဆီးကြိတ်ပေါ့။ တလတခါ (ဒါမှမဟုတ်ရင်) နှစ်လတခါ ဂျပန်ဆေးရုံမှာ ဆီးကြိတ်ကိုထုတ်ပြရတယ်။ အဲဒီမှာ တာဝန်ကျဂျူတီဆရာဝန် (ပါရဂူကြီးတွေပါပဲ) အလှည့်ကျဆရာဝန်နဲ့ပြပေးပါတယ်။ အဲဒီရောဂါတွေအားလုံးကတော့ ဖေဖေထောင်ကျမှ ဖြစ်တဲ့ရောဂါတွေပေါ့။ အပြင်မှာတုန်းကတော့ ဘာရောဂါမှမဖြစ်ဘူး"

ဂျပန်ဆေးရုံကြီးကို ပြသသည့်ရက်၌ ဖခင်ဖြစ်သူနှင့် အချိန်ကြာကြာ စကားပြောခွင့်ရသဖြင့် မိသားစုအတွက် အခွင့်အရေးတခု ရရှိခံစားရကြောင်းလည်း သူမက ပြောဆိုသည်။

ဦးဉာဏ်သောင်းနှင့်အတူ ဖမ်းဆီးခံထားရသူ မရမ်းကုန်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်၏ ထောင်တွင်း ကျန်းမာရေးအခြေအနေကိုလည်း သူမက ယခုလိုဆက်လက်ပြောဆိုသည်။

“အန်တီလည်း အရိုးကျည်းပေါင်းတော့ ရှိတယ်။ နှလုံးသွေးကြောကျဉ်းရှိတယ်။ သူ့အမျိုးသားပြောလို့ မျက်စိဆေးရုံမှာ ထုတ် ထုတ်ပြရတယ်လို့ ကြားတယ်။ မျက်စိအားနည်းနေလို့။ မျက်ရိုးတွေကိုက်ကိုက်နေလို့ပေါ့။ ထောင်ဝင်စာတွေ့ရင် အန်တီနဲ့ သူ့အမျိုးသားတို့ကို တွေ့နေရလို့ သိရသလောက်ပေါ့”

ရောဂါမျိုးစုံ ခံစားနေရသော်လည်း ၎င်းတို့နှစ်ဦးမှာ စိတ်ဓာတ်ခိုင်မာသူများဖြစ်၍ ရုပ်ရောစိတ်ပိုင်းပါ ကျဆင်းမှုမရှိဟုလည်း မိုးမိုးစုကြည်က ယခုလိုဆက်လက်ပြောဆိုသည်။

“ဖေဖေကတော့ နဂိုကတည်းကလည်း စိတ်ဓာတ် ကြံ့ခိုင်ခဲ့တယ်လေ။ အခုလည်း စိတ်ဓာတ်ကကြံ့ခိုင်နေတော့ လူလည်း မကျဘူး။ ဖေဖေနဲ့ အန်တီမေ (ဒေါ်မေဝင်းမြင့်) တို့ အားလုံးကတော့ စိတ်ဓာတ်ကြံ့ခိုင်ကြပါတယ်။ စိတ်ဓာတ်ကြံ့ခိုင်တော့ လူလည်းသိပ်ကျတယ်လို့ မဆိုလိုနိုင်ဘူးပေါ့”

ဦးဉာဏ်သောင်းနှင့် ဒေါ်မေဝင်းမြင့်တို့သည် ၁၉၉၇ ကတည်းက ဖမ်းဆီးခံထားရခြင်းဖြစ်ပြီး စွဲချက်တင်သည့်ပြစ်မှုမှာ မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်လူငယ်ဖွဲ့စည်းရန် ကြိုးပမ်းမှုဖြစ်သည်။ ထိုအမှုအတွက် ထောင် ၇ နှစ် ချမှတ်ခံထားရခြင်းဖြစ်ကြောင်း သိရသည်။ အစသို့

## နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသူ ကျောင်းသား ၆ ဦး မိသားစုနှင့် တွေ့ခွင့်မရသေး

## ဥပဒေအထောက်အကူပြုအဖွဲ့ အမှုတွဲ ၃ မှုကို အယူခံလွှာတင်ရန်ကြိုးစားနေ

*၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

နအဖ၏ Road map ၇ ချက်ကို ကန့်ကွက်ကြောင်းနှင့် ဒီပဲယင်းအရေးအခင်းကို လွတ်လပ်စွာစုံစမ်းပေးရန် တောင်းဆိုသည့် ကျောင်းသား ၆ ဦးကို အာဏာပိုင်တို့က နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်ကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။ အဆိုပါကျောင်းသားများမှာ ယခုချိန်ထိ မိသားစုနှင့် တွေ့ခွင့်မရသေးသလို ရှေ့နေများနှင့်လည်း တွေ့ခွင့်မပေးသေးဟု ကြားရသည့်အတွက် ဥပဒေကြောင်းအရ မည်သို့အကူအညီပေးနိုင်မည်ကို အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့အား မေးမြန်းခဲ့သည်။ အဖွဲ့ချုပ် ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းကမူ ထိုအမှုကို ၎င်းတို့အနေဖြင့် လေ့လာနေဆဲဖြစ်ပြီး ဖမ်းဆီးခံထားရသူ မိသားစုများဘက်က ယခုချိန်ထိ မိမိတို့အားအကြောင်းကြား တာဝန်ပေးခြင်း မရှိသေးကြောင်း ရှင်းပြခဲ့သည်။

“ဥပဒေ အထောက်အကူပြုအဖွဲ့ကို ဆက်သွယ်မှု မရှိပါဘူး။ ကျနော်တို့ကို တာဝန်ပေးရင် ကျနော်တို့လိုက်ခွင့်ရပါတယ်။ ဒါပေမယ့် အဲလို တာဝန်ပေးတာလည်း မရှိဘူး။ ကျနော်တို့ အဖွဲ့ဝင်တွေကိုလည်း ဆက်သွယ်မှု မလုပ်ဘူးဗျ။ ပထမတော့ ကြားထဲက တယောက်ကပြောလို့ လုပ်ပေးမယ်လို့ ကျနော်တို့ပြောတာပဲ။ ဒါပေမယ့် ဆက်သွယ်တာတော့ မရှိဘူးဗျ။ သူတို့က တာဝန်ပေးမှ ကျနော်တို့ကလည်း လုပ်လို့ရမှာကိုး”

အလားတူပင် ယခင် အားကစားသမဂ္ဂဖွဲ့မှုနှင့် ထောင်ဒဏ်ချမှတ်ခံထားရသည့် ကျောင်းသား ၇ ဦးကိစ္စမှာလည်း ၎င်းတို့ထံ ယခုထိ ရောက်မလာသေးဟု ဦးဉာဏ်ဝင်းက ပြောဆိုသည်။

အဖွဲ့ချုပ်ရှေ့နေများအနေဖြင့် ယခု မည်သည့်အမှုများကို လိုက်ပါဆောင်ရွက်နေကြောင်း ထပ်မံမေးမြန်းရာတွင် ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံထားရသည့် ကမာရွတ်မြို့နယ်မှ ဘိုးတော်ဦးခင်ဝင်းတို့အမှုတွဲ၊ မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုနှင့် ဖမ်းဆီးခံထားရသူ ကိုသက်နောင်စိုးနှင့် ကိုခင်မောင်ဝင်းတို့၏အမှုတွဲနှင့် သီလရှင် ၂ ပါး၏အမှုတွဲများကို အယူခံလွှာတင်ရန် ကြိုးစားနေကြောင်း ဦးဉာဏ်ဝင်းက ပြောဆိုသည်။

တရားရုံးများအပေါ် အာဏာပိုင်တို့က တင်းကပ်စွာချုပ်ကိုင်ထား၍ ထိုသို့အယူခံဝင်သည့်အခါ ထူးခြားမှုရှိ မရှိ ထပ်မံမေးမြန်းရာ ...

“လက်တွေ့မှာတော့ အဲဒီအတိုင်းပဲ တွေ့နေကြရတာ။ တရားရုံးတွေရဲ့ဆောင်ရွက်ပိုင်ခွင့်ဟာ အကန့်အသတ်နဲ့ဖြစ်နေသလိုပေါ့။ မအောင်မြင်ဘူးဆိုတာ ဥပဒေအရ အားနည်းလို့မဟုတ်ဘူး။ ဥပဒေအရတော့ အားမနည်းဘူး။ သို့သော် လက်တွေ့ကျင့်သုံးနေတဲ့ အုပ်ချုပ်မှုအစီအစဉ်တွေက အဲဒီလိုဖြစ်နေတယ်။ ကျနော်တို့အနေနဲ့ပြောရရင်တော့ စိတ်ဓာတ် မကျဘူးဗျ။ သူက ဒီအလုပ်၊ ဒီအခွင့်အရေးကို တောင်းပေးဖို့၊ မရတာက ကျနော်တို့ကြောင့် မဟုတ်ဘူးလေ။ အဲဒါကြောင့် ကျနော်တို့ကတော့ ဆောင်ရွက်သင့်တာ၊ လုပ်ပေးနိုင်တာ လုပ်ပေးရမှာပဲ” အစသို့

## ထိန်းသိမ်းခံ မောင်ချမ်းသာကျော်ကို အမြန်ဆုံးလွှတ်ပေးရန် ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးကော်မရှင်က တောင်းဆို

*၂၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄ မောင်တူး (ဒီဗွီဘီသတင်းထောက်၊ ထိုင်း)*

ရန်ကုန်တိုင်းတွင်းရှိ ငှက်အော်စမ်း စခန်းတွင် ထိန်းသိမ်းထားသည့် မုံရွာမြို့မှ အသက် ၁၅ နှစ်အရွယ် ကျောင်းသားလေး မောင်ချမ်းသာကျော်ကို အမြန်ပြန်လွှတ်ပေးရန် ဟောင်ကောင်အခြေစိုက် AHRC (ခေါ် ) အာရှလူ့အခွင့်အရေးကော်မရှင်က နအဖကို ယနေ့ တောင်းဆိုလိုက်သည်။ အသက်မပြည့်သေးသည့် ကလေးငယ်တဦးကို ဥပဒေနှင့်မညီဘဲ အပြစ်ပေးခဲ့ခြင်းကြောင့် ပြန်လွှတ်ပေးရန် နအဖထံ စာရေးတောင်းဆိုလိုက်ခြင်းဖြစ်သည်။

မောင်ချမ်းသာကျော်ကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် မုံရွာတရားရုံးက ထိန်းသိမ်းရေးစခန်း၌ထားရန် အမိန့်ချခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းကိုအပြစ်ပေးထားခြင်းမှာ ကလေးသူငယ်ဆိုင်ရာပြစ်မှုဥပဒေနှင့် မညီညွတ်ခြင်းကြောင့် အမြန်ဆုံး ပြန်လွှတ်ပေးရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်ထွားထံ AHRC က စာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ AHRC ကို ယခုလိုလုပ်ဆောင်နိုင်ရန် အကူအညီပေးခဲ့သည့် ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) မှ ဦးမင်းလွင်ဦးကို မောင်ချမ်းသာကျော်အမှုနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ...

"ကလေးသူငယ် အက်ဥပဒေအရ ရဲစခန်းမှာ ချုပ်နှောင် မထားရဘူး။ အုပ်ထိန်းသူ မိဘထံ ပြန်အပ်ထားရမယ်။ မိဘနဲ့ ဆွေးနွေးတိုင်ပင်ခွင့် ရှိရမယ်။ ရှေ့နေရှေ့ရပ်နဲ့ ခုခံချေပခွင့် ရှိရမယ်။ အခုက ဒီအမှုမှာ ရှေ့နေငှားဖို့အခွင့်အရေးလည်း မရဘူး။ ဒါဟာ ဥပဒေကြောင်းအရ သိသိသာသာ လွဲမှားနေတဲ့ဟာတွေပေါ့"

ထို့အတူ ပြစ်ဒဏ်ပေးရာ၌လည်း လွဲမှားခဲ့ကြောင်းကိုလည်း ...

"ကလေးသူငယ်ပြစ်မှုနဲ့ ပြစ်ဒဏ်ပေးမယ်ဆိုရင် (မိဘရှိသေးရင်) မိဘအုပ်ထိန်းသူ ခံဝန်ချက်နဲ့အချုပ်မပို့ဘဲနဲ့၊ သင်တန်းကျောင်းတွေ မပို့ဘဲနဲ့ ဆိုင်းငံ့ထားရမယ်။ အဲလို မိဘလည်းမရှိ၊ အုပ်ထိန်းသူလည်း မရှိ၊ ကြီးကြပ်မယ့်သူလည်း မရှိဘူးဆိုမှသာ နောက်ဆုံးအဆင့်အနေနဲ့ သင်တန်းကျောင်းကို ပို့ရမှာ ဖြစ်တယ်။ အခုဟာက အဲဒီအဆင့်နှစ်ဆင့်ကို တခါတည်းကျော်ပြီးတော့ အမိန့်ချလိုက်တာ။ သင်တန်းကျောင်းမှာ အသက် ၁၈ နှစ်ပြည့်တဲ့အထိ နေစေဆိုပြီးတော့ ကလေးသူငယ်တယောက်အတွက် တော်တော်နစ်နာတာပေါ့ဗျ။ နောက်ဆုံး အပြစ်ပေးတယ် ဆိုရင်တောင် မန္တလေးတို့ ဘာတို့မှာရှိတဲ့ လူငယ်သင်တန်းကျောင်းတို့ ဘာတို့မှာ ပို့ထားရမယ်။ ဒါမှ သူ့မိဘနဲ့ နီးနီးနားနား နေရမှာပေါ့။ ဆက်သွယ်လို့မရနိုင်အောင် ရန်ကုန်မြို့နယ်တွင်းမှာရှိတဲ့ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကို ပို့လိုက်တာဖြစ်တယ်။ အသက်မပြည့်သေးတဲ့ ကလေးတယောက်ကို လူကြီးတွေက ဝိုင်းပြီးအနိုင်ကျင့်လိုက်သလို ခံစားရတယ်။ အဲဒါကြောင့် ကျနော်တို့က သုံးသပ်ပြီးတော့ အသက်မပြည့်သေး တဲ့ ကလေးသူငယ်တယောက်ကို ဒီလောက်ထိ တင်းကျပ်လွန်းတဲ့ ပြစ်ဒဏ်တော့ မပေးသင့်ဘူးဆိုပြီး ပြန်လည်လွှတ်ပေးဖို့ အယူခံတင်သွင်းတာပဲ"

AHRC ၏ ပေးစာကို နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းရှင်၊ ကုလသမဂ္ဂ စုံစမ်း စစ်ဆေးရေးအထူးကိုယ်စားလှယ် မစ္စတာပေါလိုဆာဂျီယိုပီညဲရိုးတို့ထံကိုလည်း လိပ်မူပေးပို့ခဲ့ကြောင်း သိရှိရသည်။

ချမ်းသာကျော်ကို ပြန်လွှတ်ပေးရန် အာရှလူ့အခွင့်အရေးကော်မရှင်က နအဖထံ စာရေးတောင်းဆိုလိုက်သည့်အပေါ် မိခင်တဦးအနေဖြင့် မည်သို့ခံစားရကြောင်း ချမ်းသာကျော်၏မိခင် မခင်သန်းမြင့်ကို ဒီဗွီဘီက မေးမြန်းကြည့်သည့်အခါ ...

"အခုလို နိုင်ငံတကာလူ့အခွင့်အရေးကနေ ကျမသားလေး လွှတ်မြောက်ရေးအတွက် တောင်းဆိုတာတွေကို ကျမ အများကြီး ဝမ်းသာပါ တယ်။ အတိုင်းမသိလည်း ကျေးဇူးတင်ပါတယ်။ အထူးအထူးပဲ ဝမ်းသာပါတယ်ရှင်။ ပျော်လည်းပျော် သွားတယ်။ ဩော် ... ငါ့သားလေး လွှတ် တော့မှာပါလား ဆိုပြီးတော့ စိတ်ချမ်းသာသွားတယ်ရှင့်။ ကျမ အကိုတွေကလည်း ဝမ်းသာကြတာပေါ့"

ချမ်းသာကျော်ကို အာဏာပိုင်တို့က မိဘများနှင့် အလွန်ဝေးကွာသည့် ငှက်အော်စမ်း၌ ပို့ထားသည့်အတွက် သားအတွက် စိုးရိမ်မိကြောင်း လည်း မခင်သန်းမြင့်က မိခင်မေတ္တာစိတ်ဖြင့် ယခုလို ပြောဆိုခဲ့သည်။

"ကလေးက အသက်ငယ်သေးတော့ စိတ်ဓာတ်ရေးအရ နုနယ်တယ်လေ။ အဲတော့ အပေါင်းအသင်းတို့ ဘာတို့ စိုးရိမ်တာပေ့ါ။ သူ့ရဲ့ ပညာရေးလည်း ခုတော့ ဆယ်တန်းအောင်တော့ သူများတွေတက်သလို တက်စေချင်တာပေ့ါရှင်။ ပညာရေးဆက်ခွင့်မရတော့ ကျမ သားလေး အများကြီးပဲ နစ်နာပါတယ်။ ဝမ်းနည်းပါတယ်ရှင်။ ကျမသားလေးကို သူများနည်းတူ ကျောင်းတက်စေချင်တယ်။ ပညာတတ်စေချင်တာပေ့ါ။ အခုလို အထဲမှာရောက်နေတဲ့အတွက် ကျမသားလေးဟာ သူလည်း စိတ်ဆင်းရဲရမယ်၊ ကျမလည်း စိတ်ဆင်းရဲရပါတယ်ရှင်"

ဖခင်ဖြစ်သူ ကိုခင်မောင်တင်ကလည်း ချမ်းသာကျော် ဖမ်းဆီးခံရပုံနှင့်ပတ်သက်ပြီး ယခုလို ပြောဆိုခဲ့သည်။

"ရဲက အမှုစစ်တဲ့အချိန်မှာ ကျနော်တို့က တင်ပြတယ်လေ။ သူဟာ ငယ်ပါသေးတယ်၊ ၁၆ နှစ်မပြည့်သေးဘူးပေ့ါ။ ဒါနဲ့သူတို့က ကလေး အက်ဥပဒေအရ စစ်ပြီးတော့ သူ့ကို ငှက်အော်စမ်းစခန်းကို ပို့လိုက်တာပေ့ါ။ စိတ်မကောင်းဖြစ်မိတာပေ့ါဗျာ။ သူက သွားကြည့်မိရုံလေ။ သူပါ ပါ တယ်၊ ခဲနဲ့ပေါက်ပါတယ်လို့လည်း သူက မပြောဘူး။ သူကိုယ်တိုင်လည်း မပါဘူး။ ဒါပေမယ့် တရားသူကြီးက ပေါက်တော့ မပေါက်ဘူး၊ ဒါပေမယ့် အနားမှာရှိတယ်ဆိုတဲ့အတွက် သူ့ကို ကလေးအက်အဥပဒေနဲ့ အရေးယူလိုက်တာပေ့ါ"

အစသို့

## သာယာဝတီ အကျဉ်းထောင်မှ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ခွဲစိတ်ကုသမှုခံယူရ

*၂၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

သာယာဝတီထောင်၌ မတရား ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုဌေးကြွယ်၏ကျန်းမာရေး အလွန်ဆိုးရွား နေကြောင်းသိရသည်။ ယခုလ ၂၄ ရက်နေ့ နေ့လယ်ပိုင်းက အူခေါက်ဝေဒနာနှင့် ဗိုက်အောင့်ဝေဒနာ ဆိုးရွားလာ၍ သာယာဝတီပြည်သူ့ဆေးရုံ ကို အရေးပေါ်ပို့ဆောင်ခဲ့ရသည်ဟု သိရသည်။

ထိုနေ့ညနေပိုင်းတွင် ကိုဌေးကြွယ်ဆေးရုံတင်ထားရကြောင်း ရန်ကုန်ရှိမိသားစုများကို အာဏာပိုင်တို့က တရားဝင်အကြောင်းကြားခဲ့ သည်ဟု သိရသည်။ မိသားစုများမရောက်မီ ကိုဌေးကြွယ်ကို ဗိုက်ခွဲကုသပေးခဲ့သည်ဟုလည်း ဆိုသည်။ သို့သော်လည်း ဗိုက်ခွဲကုသရာ၌ မေ့ဆေး ပေးများသွား၍ ကိုဌေးကြွယ်၏ပါးစပ်မှ အမြှုပ်များထွက်လာပြီး နောက်နေ့နံနက်ရောက်မှ သတိပြန်ရလာသည်ဟု သိရသည်။ မိသားစုဝင်များနှင့် နီးစပ်သူတို့ထံမှ ရရှိသည့်သတင်းများအရ ကိုဌေးကြွယ်၏ဗိုက်ထဲမှ သံကောင် ၃၀ ခန့် ခွဲထုတ်ရရှိခဲ့သည်ဟုဆိုသည်။ ဆေးဝါးကုသမှု အထောက် အပံ့ပစ္စည်းများ မလုံလောက်သည့်ပြင် လျှပ်စစ်မီးမလုံလောက်၍ အူခွဲရာ၌ မှားယွင်းခွဲစိတ်ခဲ့မိကြောင်းလည်းသိရသည်။ ထိုအတွက် ကိုဌေးကြွယ် အနေဖြင့် အလွန်ခံစားနေရသည်ဟုဆိုသည်။ ထို့ကြောင့် ဆေးဝါးထောက်ပံ့မှု လုံလောက်သည့် ရန်ကုန်ကို ပြောင်းရွှေ့ပေးရန် ICRC ကြက်ခြေနီ အဖွဲ့ကို မိသားစုတို့က မနေ့ကပင် သွားရောက်ပြောဆိုခဲ့ကြောင်းသိရသည်။ ဆေးတိုက်ပြီး သံကောင်ချကုသသည့်နည်းဖြင့်မလုပ်ဘဲ ယခုလို မလိုအပ်ဘဲ ခွဲစိတ်ကုသခြင်းနှင့်ပတ်သက်၍ တတ်ကျွမ်းသောဆရာဝန်များက နားမလည်နိုင်ဖြစ်နေကြောင်းလည်း မိသားစုများနှင့် နီးစပ်သူတို့ထံမှတဆင့် သိရှိရသည်။

ကိုဒွေးကြွယ်ကို ၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်း နဝတ က ဖမ်းဆီးခဲ့ပြီး ထောင် ၁၅ နှစ် ချခဲ့သည်။ ၁၉၉၆ ခုနှစ် လွတ်ငြိမ်းသက်သာအမိန့်နှင့် ထောင် ၁၅ နှစ်မှ ၁၀ နှစ်ဖြစ်ခဲ့သည်။ ပုံမှန်ဆိုလျှင် ၁၉၉၉ ခုနှစ်ထဲ၌ လွှတ်ပေးရမည်ဖြစ်သော်လည်း နအဖ က ပုဒ်မ ၁၀ (က) နှင့် ဆက်လက် ထိန်းသိမ်းထားရာ ယနေ့အထိဖြစ်သည်။ ယခုဆိုလျှင် ကိုဒွေးကြွယ်ကို မတရားဖမ်းဆီးထားသည်မှာ ၁၃ နှစ်နီးပါး ကြာနေပြီဖြစ်သည်။

ထိုသတင်းနှင့်တဆက်တည်း နိုင်ငံရေးအကျဉ်းသားများ၏ လက်ရှိကျန်းမာရေးအခြေအနေကိုသိရှိနိုင်ရန် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ကို ဒီဗွီဘီက မေးမြန်းကြည့်ရာ ပြောခွင့်ရပုဂ္ဂိုလ် ကိုဘိုကြည်က ယခုလိုပြောဆိုသည်။

"အခုလက်ရှိ အကျဉ်းထောင်ထဲမှာရှိနေတဲ့နိုင်ငံရေးအကျဉ်းသားတွေရဲ့အခြေအနေက နှစ်ရှည်လများ ထောင်ထဲမှာနေရတော့ ကျန်းမာရေး အခြေအနေ အတော်လေးချို့တဲ့လာတာ ကြားသိရတယ်။ ဥပမာ ခန္တီးထောင်က ကိုသက်ဝင်းအောင်ဆိုရင် ငှက်ဖျားရောဂါပိုး ဦးနှောက်ထဲကို ရောက်သွားတော့စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အတော်လေးခံစားရတဲ့အနေအထားရှိတယ်။ အဲတော့ သူ့ကို မန္တလေးထောင်ကိုရွှေ့ပြီး ကုသနေရ တဲ့အနေအထားဖြစ်တယ်။ မြင်းခြံထောင်မှာဆိုရင် နေတင်မြင့်ရဲ့ကျန်းမာရေးအခြေအနေကလည်း အတော်ဆိုးလာပြီး ဆေးကို ရေရှည်ဆွဲပြီး သောက်နေရတဲ့အနေအထားမျိုးတွေရှိတယ်။ အဲလို ဆေးသောက်တဲ့အခါမှာလည်း အကျဉ်းထောင်အာဏာပိုင်တွေက လုံလောက်တဲ့ဆေး မပေး တဲ့အခါကျတော့ သူ့မိသားစုနဲ့ အပြင်ကနေဆေးဝါးကို မှာပြီးသောက်နေရတယ်။ အဲလိုမှာသောက်နေရတာကိုကြည့်ခြင်းအားဖြင့် အကျဉ်း ထောင်မှာ လုံလောက်တဲ့ဆေးဝါးကုသမှု မပေးဘူးဆိုတာ ထင်ရှားနေတယ်"

ကိုဒွေးကြွယ်ကို ခွဲစိတ်ကုသရာ၌ ဆေးဝါး မလုံလောက်မှု၊ မှားယွင်းခွဲစိတ်မှုများကြောင့် ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားစွာခံစားနေရ ကြောင်းလည်း သိရသည်။ ယခင်က ထိုကဲ့သို့အဖြစ်မျိုး ရှိ မရှိ ဆက်လက်မေးမြန်းကြည့်ရာ ...

"၁၉၉၂ လောက်က သရက်ထောင်မှာ ဆေးထိုးမှားပြီးသေသွားတာ ဖြစ်ခဲ့ဖူးတယ်။ အဲလိုအလားတူပဲ တခြားထောင်တွေမှာလည်း ဖြစ်ခဲ့ဖူး တာတွေရှိတယ်။ ကျနော်တို့လည်း တော်တော်စိုးရိမ်မိတယ်။ မြန်မာနိုင်ငံရဲ့ဆေးဝါးကုသမှုစနစ်က ပစ္စည်းရှားပါးမှု၊ ဆရာဝန်တွေရဲ့နမော်နမဲ့နိုင်မှု တွေကြောင့် မလိုလားအပ်ပဲနဲ့ အသက်ဆုံးရှုံးသွားရတဲ့ လူနာတွေ၊ နိုင်ငံရေးအကျဉ်းသားတွေက တစတစ ပိုများလာတယ်လို့ထင်တယ်" အစသို့

## ဒီပဲယင်း အကြမ်းဖက်လုပ်ကြံမှုအတွင်း ဖမ်းဆီးခြင်းခံခဲ့ရသည့် မောင်ချမ်းသာကျော် ပြန်လည်လွတ်မြောက်

*၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

မေ ၃၀ ဒီပဲယင်း အကြမ်းဖက်မှုနှင့်ဆက်စပ်ပြီး အဖမ်းခံခဲ့ရသူ မုံရွာမြို့မှ အသက် ၁၆ နှစ်အရွယ် တက္ကသိုလ်ကျောင်းသား မောင်ချမ်းသာကျော်ကို နအဖ အာဏာပိုင်တို့က ပြန်လွှတ်ပေးလိုက်ကြောင်းသိရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့၌ ယခုလိုလွှတ်ပေးလိုက်ခြင်းဖြစ်ပြီး တွံတေးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်ထိန်းသိမ်းရေးစခန်းသို့ ဖခင် ကိုယ်တိုင် သွားရောက်ခေါ်ယူနေသည်ဟု မောင်ချမ်းသာကျော်၏မိခင်က ဒီဗွီဘီကို ပြောဆိုသည်။

"အခုတော့ ပြန်မရောက်သေးပါဘူးရှင့်။ ရန်ကုန်မှာ ပဲရှိပါသေးတယ်"

မေး ။ ။ ဘယ်နေ့က ပြန်လွှတ်ပေးတာပါလဲ။

ဖြေ ။ ။ ၂၆ ရက်နေ့ ၁ နာရီမှာ လွှတ်လိုက်တာပါ။ သူ့အဖေကလည်း ရန်ကုန်ရောက်နေတယ်ဆိုတော့ သူ့အဖေကိုပဲ အကြိုခိုင်းလာတာပါ။ တရက်နှစ်ရက်အတွင်းတော့ သူတို့ပြန်လာမှာပါ။ ကားလက်မှတ်တို့၊ ရထားလက်မှတ်တို့ မရသေးလို့မလာကြသေးတာပါ။

မေး ။ ။ လွှတ်ပေးလိုက်ပြီဆိုတာ အဲဒီစခန်းကနေ အကြောင်းကြားတာလား။

ဖြေ ။ ။ အဲဒီ ၂၆ ရက်နေ့ ၁ နာရီမှာ ကျမသားလေးကနေ လှမ်းအကြောင်းကြားတာပါ။ ပြီးတော့ အထက်ကပုဂ္ဂိုလ်တွေက လှမ်း ဆက်သွယ်မယ်ဆိုပြီး ၁ နာရီခွဲမှာ ဖုန်းလာပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ဗိုလ်မှူးစိန်ဝင်းပါ တဲ့။ ချမ်းသာကျော်မိဘများနဲ့ တွေ့ချင်လို့ပါဆိုပြီး ကျမဆီကို ဆက်သွယ်ပါတယ်။ ချမ်းသာကျော်ကို ဒီနေ့လွှတ်ပေးလိုက်ပြီဆိုတဲ့အကြောင်း၊ မိဘတွေ ဒီနေ့လာခေါ်ချင်ရင် ခေါ်လို့ရပါတယ်။ မနက်ဖြန်မှ လာပြီးခေါ်လို့လည်းရပါတယ် ဆိုပြီး ဆက်သွယ်ပါတယ်။ ကျမကလည်း ကျမ အမျိုးသား ရန်ကုန်မှာရောက်နေပါတယ်။

မေး ။ ။ ခံဝန်ချက်တွေ ဘာတွေ ရှိပါသလား။

ဖြေ ။ ။ အဲဒါတော့ သူပြန်လာမှ သိရမှာပါ။

ကျမ ကောင်းကောင်းမသိရသေးဘူး။

မေး ။ ။ အခုလိုလွှတ်လာတော့ အန်တီဘယ်လိုခံစားရပါသလဲ။

ဖြေ ။ ။ ပျော်တာပေါ့ရှင်။ ကျမ မိခင်တယောက်အနေနဲ့ ဘယ်လို ပီတိဖြစ်ရတယ်ဆိုတာ ခံစားတတ်တဲ့သူတွေ နားလည်မှာပါ။ အခုလို မောင်ချမ်းသာကျော်လွတ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ မိတ်ဆွေများနဲ့ နိုင်ငံတကာအဖွဲ့အစည်းအားလုံးကိုလည်း အသည်း ထဲကနေ အမြဲသတိရပြီး အထူးကျေးဇူးတင်ရှိပါတယ်ဆိုတဲ့အကြောင်းပြောကြားလိုပါတယ်ရှင်။

မေ ၃၀ ရက်နေ့က ဖြစ်ပွားခဲ့သည့် မုံရွာမြို့၊ အုတ်ဖိုဒေသ အရေးအခင်းအတွင်း ကိုရင်တပါးနှင့် စက်မှုသိပ္ပံကျောင်းသားတဦး သေဆုံးခဲ့ပြီး မောင်ချမ်းသာကျော်နှင့် အခြား ၁၃ ဦး အဖမ်းဆီးခံခဲ့ရသည်။ မောင်ချမ်းသာကျော်ကို ယခုလိုလွှတ်ပေးလိုက်သော်လည်း အခြား ၁၃ )ဦးကို ထောင်ဒဏ်နှစ်ရှည်ချမှတ်ထားသည်။ အလားတူ မေ ၃၀ အကြမ်းဖက်မှုကြီးအတွင်း သေဆုံးသူ အများအပြားရှိခဲ့ပြီး အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် ဖမ်းဆီးခံနေရသည့်ဦးရေ ၁၀၀ ကျော်ရှိနေသေးကြောင်း သိရသည်။ အဆိုပါ အကြမ်းဖက်လုပ်ကြံမှု

ကို လွှတ်လပ်စွာ စုံစမ်းပြီး တာဝန်ရှိသူများကို အပြစ်ပေးအရေးယူရန် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းပေါင်းစုံမှ တောင်းဆိုနေသော်လည်း နအဖ ဘက်က ယခုချိန်ထိ မည်သည့် ဆောင်ရွက်မှုမျိုးကိုမှမတွေ့ရသေးပေ။ အစသို့

## ခွဲစိတ်ကုသမှုခံယူခဲ့ရသည့် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်အား သာယာဝတီဆေးရုံမှ အင်းစိန်ဆေးရုံသို့ ပြောင်းရွှေ့

*၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄*

၁၃ နှစ်နီးပါးကြာ မတရားဖမ်းဆီးခံထားရသည့် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ကျန်းမာရေးဆိုးရွားနေပြီး ယခုနောက်ဆုံးရရှိသည့်သတင်းများအရ အခြေအနေပိုဆိုးလာသည့်အတွက် ကိုဌေးကြွယ်ကို သာယာဝတီဆေးရုံမှ အင်းစိန်ဆေးရုံသို့မနေ့က ပြောင်းရွှေ့လိုက်ကြောင်း သိရသည်။

ကိုဌေးကြွယ်ကို ဗိုက်အောင့်ဝေဒနာကြောင့် သာယာဝတီဆေးရုံကို အရေးပေါ်ပို့ခဲ့ရပြီး ခွဲစိတ်မှုပြုလုပ်ခဲ့သည်။ သို့သော် ဆေးဝါးထောက်ပံ့မှု မလုံလောက်မှုနှင့် လျှပ်စစ်မီးမလာခြင်းကြောင့် ခွဲစိတ်ရာတွင် မလိုလားအပ်သည့်မှားယွင်းမှုများ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။ အင်းစိန်ဆေးရုံမှ အမည်မဖော်လိုသည့် တာဝန်ရှိ ဆရာဝန်တဦး၏အဆိုအရ ကိုဌေးကြွယ်အခြေအနေကို အနည်းဆုံး ၃ ရက် စောင့်ကြည့်ရမည်ဟု ဆိုသည်။ သာယာဝတီဆေးရုံမှ အင်းစိန်ဆေးရုံကို ပြောင်းရွှေ့လိုက်ခြင်းပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်မိမိလေးကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းရာ ယခုလို စတင်ပြောကြားခဲ့သည်။

“မနေ့က ပို့ပါတယ်ရှင့်။ ဒီမှာ ပစ္စည်း မစုံလို့ အင်းစိန်ကို ပို့ပေးပါတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေက စီစဉ်ပေးတာပါ။ သူက ဗိုက်အောင့် ပါတယ်။ အူမှာ သံပိတ်နေပါတယ်။ ၃ ရက်လောက် အန် အန်နေတယ်တဲ့။ သူတို့စိုးရိမ်မိတာက အူခေါက်နေတယ်တဲ့။ သံတွေနဲ့လုံးပြီး ခေါက်တဲ့ သဘောပေ့ါ။ အူအတက်လည်း နည်းနည်းရောင်နေပါတယ်။ အူအတက်လည်း ဖြတ်လိုက်ပါတယ်။ အရင်တပတ်သွားတုန်းကတော့ အကောင်းပဲ။ အခု သောကြာနေ့က ထောင်ဝင်စာသွားတွေ့ဖို့ရက်ပေ့ါ။ အဲဒီရက်ကိုတောင် မရောက်ဘဲနဲ့ အင်္ဂါနေ့မှာ ကျမဆီ အကြောင်းကြားတာက ဆေးရုံ တင်လိုက်ရတယ်တဲ့။ ခွဲစိတ်ရမယ်၊ လာခဲ့ပါဆိုလို့ ကျမတို့လည်း အားချင်းလိုက်တာ”

ကိုဌေးကြွယ်ကို ဆေးရုံပြောင်းရွှေ့ကုသခဲ့သော်လည်း အကျဉ်းသားလို ခြေကျင်းခတ်ထားခြင်းနှင့်ပတ်သက်၍လည်း ဒေါ်မိမိလေးက ၎င်း၏ ခံစားချက်ကို ယခုလို ဆက်လက် ပြောဆိုသည်။

“ခြေကျင်းဖြုတ်ပေးဖို့ ကျမကတော့ အနူးညွှတ်ပြောမှာပဲ။ သူတို့အနေနဲ့က အကျဉ်းသားလို့မြင်နေတာ။ ကျမသားက ထောင်ကျ မဟုတ် တော့ပါဘူး။ သူတို့ချုပ်ထားလို့ ခံနေရတာပါ။ ခြေကျင်းမခတ်ပါနဲ့လို့ ကျမတို့တောင်းပန်ထားတယ်။ ကျမတို့ တောင်းဆိုပါတယ်။ ကျမတို့ပြန်တဲ့ အချိန်ကျတော့ ပြန်ခတ်ပါတယ်တဲ့။ သူက မထိုင်နိုင်သေးပါဘူးရှင့်။ ပက်လက်ပဲ နေရတာ။နှာခေါင်း ပိုက်၊ ဆေးသွင်းတဲ့ပိုက်၊ အနာကနေ ချထားတဲ့ ပိုက် သူ့မှာ အဲဒီပိုက်တွေနဲ့နေရတာပါ။ အဲဒါကို ခြေကျင်းခတ်တော့ စိတ်ထဲမှာ တော်တော် မကောင်းပါဘူး”

ထောင်ထဲတွင် ၁၃ နှစ်နီးပါး ထိန်းသိမ်းခံနေရပြီး ယခုလို ကျန်းမာရေးဆိုးရွားနေခြင်းနှင့် ပတ်သက်၍ မိခင်တယောက်၏ စိုးရိမ်ပူပန်မှုကို လည်း ၎င်းကယခုလို ဆက်လက်ပြောဆိုခဲ့သည်။

“၁၃ နှစ်ရှိပါပြီ။ ကျမကတော့ ကျမ သားလေးကို လွှတ်ချင်တာပါပဲ။ ကျန်းမာရေးက မကောင်းပါဘူး။ တော်တော်ကို ပိန်တယ်၊ နွမ်းတယ်။ စိတ်ပူရပါတယ်။ မနှစ်တုန်းကလည်း သားတယောက် ဆုံးပါတယ်။ ဒီနှစ် ဒီသားတယောက်က ဒီလိုဗိုက်ခွဲရတယ်ဆိုတော့ ကျမ ထမင်းမှန်း၊ ဟင်းမှန်းကို မသိပါဘူး။ အခု ၁၀ (က) နဲ့ ချုပ်ထားတယ်ပြောတာပဲ။ နောက် ၁၁ လပိုင်းမှာ လွှတ်မယ်လို့ပြောတယ်။ တနှစ်တိုးတယ်လို့ တခါ ပြန် ပြောပြန်တယ်။ ဒီတခါတော့လွှတ်ပေးလိမ့်မယ်လို့ ကျမ ယုံကြည်နေပါတယ်။ ဒီကလေး ပြန်လွှတ်လာပြီး ကျမ ရင်ခွင်ထဲရောက်ဖို့ပဲ စိတ်မှာ ထား ပါတယ်”

၁၃ နှစ်နီးပါး မတရားထိန်းသိမ်းခံနေရသည့်သားဖြစ်သူ ပြန်လွှတ်လာရေးအတွက် အာဏာပိုင်များကို တောင်းဆိုရန် ရှိ မရှိဆိုသည့်အမေး ကို ဒေါ်မိမိလေးက ယခုလို ဖြေကြားသွားသည်။

“တောင်းဆိုဖို့ စိတ်တော့ကူးနေပါတယ်။ သားလေးဆန္ဒ မပါဘဲနဲ့လည်း မလုပ်ချင်လို့ပါ။ ကိုဌေးကြွယ်က အခုနေမကောင်းတော့ ဒီဆန္ဒတွေ လည်း မေးရမှာခက်နေပါတယ်။ ကျမကလေး ထောင်ထဲတင် အသက်ကြီးရင့်ပြီးနေတော့ ကျမအနေနဲ့ စိတ်မကောင်းပါဘူးရှင်။ လွှတ်ပေးပါလို့ပဲ ပြောချင်တာပါပဲ။ သူတို့လွှတ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တောင်းဆိုမယ်လို့စိတ်ကူးထားပါတယ်” အစသို့